ေကြးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (27-11-2009) (၆၂၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောအနောက်မြို့တော်က ကြိုဆိုပါသည်

သတင်းဆောင်းပါး
ဒေါက်တာသက်လွင်

ပခုက္ကူမြို့နေ ဒေသခံ ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် အသစ်တည်ဆောက်ပေးထားသည့် ပခုက္ကူဘူတာကို ခံ့ထည်စွာ တွေ့ရစဉ်။

"ခင်ဗျားတို့ရဲ့ မြန်မာနိုင်ငံဟာ ဘုရားသခင်က မျက်နှာသာပေးထားတဲ့ နိုင်ငံပါပဲ" ဤစကားသည် နိုင်ငံခြားသားတစ်ဦးက စာရေးသူကို ပြောခဲ့သော စကားဖြစ်သည်။

"ဘာကိုဆိုလိုတာလဲ၊ ဘာအချက်တွေကြောင့်လဲ"ဟု စာရေးသူက မေးမိသည်။

"ခင်ဗျားစဉ်းစားကြည့်ဗျာ၊ ကမ္ဘာ့မြေပုံပေါ်မှာ မြန်မာပြည်ဟာ လူဦးရေသန်းထောင်ကျော်ရှိတဲ့ တရုတ်ပြည်ကြီးနဲ့ အိန္ဒိယနိုင်ငံတွေကြားမှာ ရှိနေတယ်။ အရှေ့ဘက်မှာလည်း အာဆီယံနိုင်ငံတွေ ရှိနေပြန်တယ်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရောက်နေတယ်၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးတွေကလဲ အလျားလိုက် အပြိုင်စီးဆင်းနေတယ်။ ဧရာဝတီမြစ်ဆိုရင် ကိုယ့်နိုင်ငံအတွင်းမှာ မြစ်ဖျားခံပြီး ကိုယ့်နိုင်ငံအတွင်းမှာပဲ ပင်လယ်ထဲကို စီးဝင်သွားတယ်။ ရှည်လျားလှတဲ့ ပင်လယ်ကမ်းရိုးတန်းကြီးကလဲ ရတနာသိုက်ကြီးပဲ၊ ခိုင်မာတဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကလည်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ေကြးမုံ ဆောင်းပါးအညွှန်း

လှိုင်ဘွား(ပါရမီ)၏ (ဆောင်းပါး)

စာမျက်နှာ - ၈၉

ပြည်ထောင်စုစိတ်ဓာတ်၏ ကြီးမားလှသော လှိုင်းဂယက်က လက်တွဲချီတက်နိုင်မည့် လမ်းကြောင်းပေါ်သို့ သူတို့ကို တွန်းတင်ပေးခဲ့သည်။ ပထမဆင့်တွင် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ကြသည်။ ဒေသဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ကြသည်။ ဤသို့အားဖြင့် တစ်စထက်တစ်စ နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင်လာခဲ့ရာမှ ယခုလို နိုင်ငံတော်၏ တစ်စုတစ်စည်းတည်းသော ကွပ်ကဲမှုအောက်တွင် နယ်ခြားစောင့်တပ်အဖြစ် ဝမ်းမြောက်ဝမ်းသာတာဝန်ထမ်းရန် ဆုံးဖြတ်နိုင်ခဲ့ကြတော့သည်။ ဤဝတ်စုံတို့ကို ခံ့ခံ့မင်မင် ဝတ်ခဲ့ကြတော့သည်။ အလွန်အံ့သြရလောက်သော စည်းလုံးမှုဖြစ်စဉ်ကား မြင်ရသူတို့ ဘဝင်နလုံးကို တသိမ့်သိမ့်တုန်ရလောက်အောင်ပင် ဖြစ်ထွန်းခဲ့တော့သည်။

မြန်မာ့ပင်လယ်ပြင်အတွင်းမှ ကိုကိုးကျွန်း၏ အလှ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ရန်နိုင်ဝင်း(လှိုင်) အဆင်အပြင်-စိုးဝင်း

ကိုကိုးကျွန်းကမ်းခြေနှင့် သစ်သားရေဆင်းတံတားတို့၏ ရှုခင်းအလှကို အဝေးမှတွေ့ရစဉ်။

မိမိတို့ သတင်းအဖွဲ့သည် ကိုကိုးကျွန်းသို့ ပထမအကြိမ် လေ့လာရေး ခရီးစဉ်အဖြစ် သံလွင်သင်္ဘောဖြင့် ခရီးသည် ၄၄၀ နှင့်အတူ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့သည်။

ကိုကိုးကျွန်းသို့ နောက်တစ်နေ့ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁နာရီတွင် သင်္ဘောဆိုက်ကပ်ပြီး ကျွန်းပေါ်သို့ရောက်ရန် စက်လှေများဖြင့် မိနစ် ၃၀ ခန့် ထပ်မံသွားရပါသည်။

ကျွန်းပေါ်သို့ ရောက်သောအခါ တာဝန်ရှိသူများက ကြိုဆိုကြပြီး သတင်းသမားများနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

ကြေးမုံ The Mirror

၂၇-၁၁-၂၀၀၉
(သောကြာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စည်းလုံးခြင်း၊ ညီညွတ်ခြင်းများ တည်တံ့ခိုင်မြဲ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးရေး ဆက်လက်ကြိုးပမ်းဆင်နွှဲ

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက်တွင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝဖြင့် ထည်ထည်ဝါဝါ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများ ပေါင်းစည်းချစ်ကြည် နှစ်လရှည်ကြာ နေထိုင်လာခဲ့ကြရာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း အကျိုးတရားများ လွှမ်းခြုံ ဖြစ်တည် ခိုင်မာမြဲမြံလျက်ရှိသည်။

သမိုင်းအတွေ့အကြုံများအရ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း တိုင်းရင်းသားအားလုံးက ယုံကြည်လက်ခံခဲ့ကြသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားမှုကြောင့် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာသူမှန်သမျှကို တွန်းလှန်တိုက်ထုတ် အောင်ပွဲခံနိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့ နိုင်ငံကြီးအချို့က အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြသည်။ နယ်ပယ်အသီးသီးတွင် လွှမ်းမိုးခြယ်လှယ်ရန် လုပ်ဆောင်နေကြသည်ကို တွေ့မြင်နေရသည်။ ယင်းသို့သော အချိန်အခါတွင် တိုင်းရင်းသားပြည်သူများက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် အမျိုးသားရေးသတိဖြင့် တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုမှန်သမျှကို တွန်းလှန်ဖယ်ရှားသွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး စောင့်ထိန်းကာကွယ်ရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အတိတ်ကိုသုံးသပ်၊ အနာဂတ်ကိုဆင်ခြင်၊ ပစ္စုပ္ပန်တွင် ဆောင်ရွက်သင့်သည်များကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်နိုင်ခဲ့သဖြင့် ဒေသတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများရရှိခံစားနေကြရပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ်တွင် ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက နှစ်ပေါင်းများစွာ ပေါင်းစည်းယှက်နွှယ် နေထိုင်လာခဲ့ကြသည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း အစဉ်အလာကောင်းများနှင့်အညီ ငြိမ်းချမ်းသာယာသော လမ်းပေါ်တွင် လက်တွဲလျှောက်လှမ်းရင်း နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် နိုဝင်ဘာ ၁၉ ရက်တွင် ဘားအံမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘားအံမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည့် မိခင်နှင့်ကလေးသေဆုံးမှု လျော့နည်းကျဆင်းရေး ပြည်နယ်အဆင့် အသိပေး ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီး မိုးစပါးရိတ်သိမ်းပွဲ၌ မိုးစပါးရိတ်သိမ်းနေမှုနှင့် ပဲမျိုးစုံစိုက်ပျိုးနည်းစနစ်များဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးနေမှု၊ ဘားအံ-ကော့ကရိတ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဂျိုင်း (ကော့ကရိတ်) မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ရေတင်စီမံကိန်း၌ ရေပေးဝေမှုနှင့် နွေစပါးပျိုးထောင်ထားရှိမှုအခြေနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မြို့တွင်းလမ်းများ သာယာလှပရေး လှည့်လည်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၆

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၅ ရက်က ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မင်းကြီးရန်နောင်လမ်းအား ၅၈ လမ်းမှ ၆၂ လမ်း အထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ်အတွင်း ၃၃ လမ်း၊ ၇၉ လမ်းနှင့် လမ်း ၈၀ အကြားတွင် ကိုယ့်အားကိုယ်ကိုး ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် မြို့တော်အတွင်း သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တွင်းရှိလမ်းများ၊ လမ်း ဝဲ၊ ယာနှင့် လမ်းလယ်ပန်းအလှအုတ်ခုံများ၊ အဝိုင်းပတ်များတွင် သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးများ၊ ဌာနခွဲမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၄၆၉)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကြည်ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများအား အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဌေးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာဆေးခန်းသို့ တိုင်းရင်းဆေးသေတ္တာများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၆

တိုင်းရင်းဆေးပညာဦးစီးဌာန မြောင်းမြမြို့နယ် တိုင်းရင်းဆေးကုဌာန၏ ကျေးရွာဆေးခန်းခွဲကို စက်တင်ဘာ ၁၃ ရက်က ကွယ်လွယ်စံပြကျေးရွာ၌ ဖွင့်လှစ်ခဲ့ပြီး အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က မြရွှေဝါခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားပြီး အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများအား ဆေးသေတ္တာကိုင်တွယ်စောင့်ရှောက်မည့် ပုဂ္ဂိုလ်များသို့ ဥက္ကဋ္ဌ ဦးတင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နော်ဖောကောစိန်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဦးအောင်နိုင်ဦးတို့က ပေးအပ်ကြကြောင်း သိရှိရသည်။**(ဝဲပုံ)** (ကြေးမုံ)

စစ်တွေမြို့ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အငှားယာဉ်များ စနစ်တကျရှိစေရေးအတွက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့နယ်၌ ကျွဲထိုး တွဲဖက်အထကဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၆

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျွဲထိုးကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အဆိုပါကျောင်း၏ ဝေသာလီခန်းမဆောင်၌ ကျင်းပရာ ရခိုင်ပြည်နယ် ပညာရေးမှူး ဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကျွဲထိုးကျေးရွာ တွဲဖက်အထက ကျောင်းအုပ်ဆရာကြီး ဦးကျော်သိန်းမောင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှအောင်သိန်းတို့က ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ပေးအပ်ရာ ရခိုင်ပြည်နယ် ပညာရေးမှူး ဦးဝင်းဆွေနှင့် ခေတ္တ မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းစိန်တို့က လက်ခံရယူကြသည်။

ဖျော်ဖြေ

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးမောင်ယဉ်စိန်က ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ချက်မူကြမ်း ဆွေးနွေးအတည်ပြုမည့် (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အထူးအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သော ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ အသက်(၇၅)နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်နေ ကန်တော့ခံ ဘိုးဘွားများ၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးရ ကျောင်းသားများ၊ ဆုတံဆိပ်ရရှိသူများသည် အခမ်းအနားသို့တက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀ သို့ ဒီဇင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြပြီဖြစ်သည်။ မြို့နယ်သားတိုင်း ကြွရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်း၊ တက်ရောက်လာကြသူများအား ဝါးခယ်မမုန့်ဟင်းခါးဖြင့် ဧည့်ခံ၍ ဝါးခယ်မနွယ်ဖွား တေးဂီတပညာရှင်များက ဖျော်ဖြေကြမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

❖ ရွှေ့ဖုံးမှ

အများကြီးပဲ၊ ဥပမာ ပုဂံ၊ အင်းလေး တို့လိုပေါ့ဗျာ။

သယံဇာတဆိုတာကလည်း ပြောလို့ပင် မကုန်နိုင်ဘူး၊ သစ်တော၊ ရေနံ၊ အများကြီး ပါပဲ၊ နောက်ဆုံးဗျာ၊ ဈေးချိုချိုနဲ့ အလုပ်လုပ်ကြမည့် လူငယ်တွေကလည်း အများကြီးပဲ၊ အင်္ဂလိပ်လိုလည်း ပြောတတ်ကြသေးတယ်”စသည်ဖြင့် နိုင်ငံခြားသားက သူ၏ အမြင်ကို ပြောပြနေ၏။

မှန်ပေမည်၊ စာရေးသူတို့၏ ပခုက္ကူမြို့ကိုပင် ကြည့်ပါ။

“မြန်မာပြည်၏ နှစ်ရှည်စီမံကိန်းမှာ ပခုက္ကူကို အဓိက စီးပွားရေးဇုန်အဖြစ် ဖော်ပြထားတယ်၊ ဖြစ်နိုင်ပါ့မလား”ဟု စာရေးဆရာ မောင်ဝံသ၏ နေအိမ်တွင် ဆွေးနွေးကြစဉ် မိတ်ဆွေတစ်ဦးက စာရေးသူကို မေးခဲ့၏။

“ဖြစ်နိုင်ပါတယ်၊ ဆရာရယ်၊ မြန်မာပြည် မြေပုံကို အရှေ့ဘက်နဲ့အနောက်ဘက် အချွန်ကလေးကိုဆက်ဖို့ မျဉ်းတစ်ကြောင်းဆွဲပါ၊ မြောက်ထိပ်မှတောင်ထိပ်ကိုဖြတ်တဲ့ မျဉ်းတစ်ကြောင်းဆွဲပါ၊ အဲဒီ မျဉ်းနှစ်ကြောင်းဆုံတဲ့ နေရာဟာ ပခုက္ကူဒေသပါပဲ၊ တစ်နည်းအားဖြင့် ပြောရရင် မြန်မာပြည်၏ မဇ္ဈိမဒေသပေါ့ ဆရာရယ်၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ရဲ့ နောက်ဖေးပေါက်ချင်း ဆက်သွယ်ပေးမယ့် ဒေသပေါ့၊ ချင်းပြည်နယ်၊ ယောဒေသနဲ့ ဗန်းချီဒေသတို့ရဲ့ ဈေးကွက်ထွက်ပေါက်ကြီးလဲ ဖြစ်နေတယ်၊ ပုံတောင် တောင်ကြီးနဲ့ ပုံညာတောင်ကြီးတွေကလဲ အပြိုင်မိုင်တစ်ရာကျော် တည်ရှိနေတယ်၊ သစ်တောကြီးတွေ ဖုံးလွှမ်းနေတယ်၊ ယောချောင်း၊ မောချောင်း၊ စလင်းချောင်းတွေ ဆိုတာကလဲ တစ်နှစ်ပတ်လုံး ရေတသွင်သွင် စီးဆင်းနေတယ်၊ ဒါကြောင့်

ပခုက္ကူမှ ဒေသအသီးသီးသို့ သွားလာမှု လွယ်ကူစေရေးအတွက် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကို ဤသို့ဆောက်လုပ်ပေးခဲ့သည်။

ထွက်ကုန်သီးနှံဆိုတာ အမျိုးစုံအောင် အများအပြားထွက်တယ်၊ ပခုက္ကူမှာ ဈေးကွက်ကြီး လာဖြစ်နေတယ်” စသည်ဖြင့် စာရေးသူက ရှင်းပြခဲ့ရ၏။

“ရန်ကုန်က ကုန်သည်ကြီးမှန်ရင် ပခုက္ကူကို လက်မလွှတ်ဘူး ဆရာရဲ့၊ ပခုက္ကူဟာ တခြားမြို့နဲ့ မတူတာက ကုန်မျိုးစုံကို အကြီးအကျယ် ဝယ်လို့ရတယ်၊ လွယ်တယ်၊ ဥပမာ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲမျိုးစုံ၊ ထန်းလျက်၊ မန်ကျည်း၊ ရှားစေး၊ သစ်၊ မြေပဲ၊ နှမ်း စသည်ဖြင့် အမျိုးစုံပဲ၊ ဆေးရွက်ကြီးမှစပြီး ဝယ်လို့ရတယ်၊ အဲဒီတော့ ဥပမာ ဈေးကြိုက်လို့ ရှားစေးဝယ်ထားတယ်၊ ဈေးမကြိုက်လို့ ပြန်ထုတ်ချင်ရင် နေ့ချင်းပြန်ရောင်းလို့ရတယ်၊ အဲဒီငွေကို ရန်ကုန်ကို ပြန်မသယ်ဘူး။ ကြက်သွန်ဝယ်ပြီး ဂိုဒေါင်သွင်းထည့်ပေးပါဆိုရင် တစ်ပတ်အတွင်းတယ်လီဖုန်းတစ်လုံးနဲ့ ကုန်ပြောင်းလို့ရတယ်၊ အဲဒီဟာ တခြားမြို့တွေမှာ လုပ်လို့မရဘူး၊ ကျွန်တော်တို့ဆိုရင်ဗျာ၊ အရင်က တစ်နှစ်မှာ ကုန်ကို လေးမျိုး၊ ငါးမျိုး ပြောင်းပြီး ရောင်းတယ်၊ ဝယ်တယ် ပေါ့ဗျာ” ဤစကားများသည် ယခင်က ရီရှင်းကုမ္ပဏီမှ ဦးပေါ်ဝါးက ပြောခဲ့သော စကားများဖြစ်သည် ရီရှင်းကုမ္ပဏီသည် တည်ထောင်ကတည်းက စာရေးသူနှင့် စီးပွားရေးဆက်ဆံ လုပ်ကိုင်ခဲ့ကြသည်။

ဆိုရှယ်လစ်ခေတ်မှစပြီး ပခုက္ကူဒေသတွင် စက်ရုံ၊ အလုပ်ရုံကြီးတွေ အများအပြား ရှိခဲ့သည်။ ဥပမာ ဗာဂျီးနီးယားစက်ရုံ၊ စီးကရက်စက်ရုံ၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ၊ လျှပ်စစ်စက်ရုံ၊ ဓာတ်ငွေ့စက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ မြစ်ခြေ မြင်းမွေးမြူရေးခြံ၊ ပုဂ္ဂလိက သစ်စက်ကြီးတွေ၊ ဆီစက်ကြီးတွေ၊ ရက်ကန်း၊ ဖိနပ်လုပ်ငန်းများ စုံနေသည်။ ဧရာဝတီတိုင်းမှ ဆန်သည် ပခုက္ကူမြို့နယ်တွင် စုပုံပြီး ယောဒေသနှင့် ချင်းပြည်နယ်၊ အိန္ဒိယနိုင်ငံအထိ တင်ပို့ခဲ့ကြသည်။ အခြေခံအဆောက်

အအုံများဖြစ်သော လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ကုန်းလမ်း၊ ရေလမ်းတွေကလည်း ပြည့်စုံခဲ့သည်။ ပခုက္ကူ၏ သမိုင်းကို ပြန်ကြည့်လျှင် ကျွန်းချောင်း-ပုဂံ ဇက်ခရပ်(ဖ်)လိုင်း ပွင့်ခဲ့၍ တစ်ခေတ်ပြောင်းခဲ့သည်။ အော်တိုတယ်လီဖုန်း တပ်ဆင်ခဲ့စဉ်က တစ်ခေတ်ပြောင်းခဲ့သည်။

၁၉၈၈ခုနှစ်နောက်ပိုင်းမှာတော့ ပခုက္ကူသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲခဲ့သည်။ မီးရထားလမ်း၊ ကားလမ်း၊ မြစ်ကူးတံတားတွေ ပေါ်လာသည်။ ဆက်သွယ်ရေးစနစ်တွေ တိုးတက်ခဲ့သည် အလုပ်ရုံ၊ စက်ရုံတွေ တိုးတက်ခဲ့သည်။ မြိုင်မြို့ဒေသတွင် အကြီးစားစက်ရုံကြီးတွေ တည်ဆောက်နေသည်၊ မီးရထားလမ်းဆိုလျှင်လည်း ပခုက္ကူ-ဂန့်ဂေါ-ကလေးလမ်း၊ ပခုက္ကူ-ချောင်းဦး-မန္တလေးလမ်း၊ မကြာမီ ပခုက္ကူ-သရက်-ကြံခင်းမှတစ်ဆင့် ပုသိမ်အထိ မီးရထားဖြင့် သွားလာ၊ သယ်ယူပို့ဆောင်နိုင်ပေတော့မည်။ မြစ်ကူးတံတားကြီးတွေ ပြီးစီးသွားပါက ပခုက္ကူမှထွက်သော မီးရထားသည် တစ်နိုင်ငံလုံးသို့ ဆက်သွယ်သွားလာနိုင်ပေတော့မည်။

ပခုက္ကူနှင့် မြင်းခြံ၊ မြစ်ဧရာ ကြားမခံလျှင် အသွားအပြန် တစ်ဆယ်ခေါက်၊ နေ့ချင်းပေါက် ရောက်နိုင်ရဲ့လေဟူသော ကဗျာလေးအတိုင်း ဖြစ်လာပေတော့မည်။ ဧရာဝတီမြစ်ကူး တံတားကြီးများသည်၊ ပဒ္ဒါနဂိုရ်နှင့်မလွန်၊ ပခုက္ကူနှင့် လက်ပံခြေပေါ် ရွာတို့ကို ဆက်သွယ်ပေးရန် စီစဉ်ဆောင်ရွက်နေသည်ကို သတင်းစာများတွင် ဖတ်ရသည်၊ မှတ်ရသည်။ ကဗျာဆရာ စလင်းဘုန်းကျော်ကပင် “တံတား

ပခုက္ကူနယ်မြေအား စက်မှုဒေသအဖြစ်သို့ ရောက်ရှိလာစေရန် ပခုက္ကူစက်မှုဇုန် တည်ထောင်ပေးခဲ့ရာ စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။

ပြီးမှ သားကြီးက ကားစီးပြီး ပြန်ခဲ့မယ်” ဟု စာရေးသူကို ပြောပြလိုက်သေးသည်။ ပခုက္ကူမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် အကြီးဆုံးမြို့ကြီး ဖြစ်သည်။ “တောင်တွေ့လျှင် ဥမင်ဖောက်၊ မြစ်တွေ့လျှင် တံတားဆောက်” ဟူသော နိုင်ငံတော်အစိုးရ၏ ဆောင်ပုဒ်အရ ဧရာဝတီမြစ်ကြီးနှင့် ပုံတောင်၊ ပုံညာ တောင်ကြီးများမှာ သဘာဝအဟန့်အတား မဟုတ်တော့ဘဲ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ခြမ်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လို့ လာနေပါပြီ။ အညာသူများက ပုသိမ်ထီးကို ဆောင်းပြီး ပုသိမ်သူများက ရှင်မတောင် သနပ်ခါးလိမ်း၍ ထန်းလျက်ချိုချိုကို မန်ကျည်းသီးနှင့် ကျိုလို့သောက်ကြတော့မည် ဖြစ်သည်။

“ရောအနောက်မြို့တော် ခေါ်တွင်ပါသည်။ ပုံတောင်၊ ပုံညာတောင်တန်းကြီးက နောက်ခံပန်းချီကားကြီးတည်၊ ရှုလို့မဆုံးပြီ”...။

“ပုဂံပြည်လက်တစ်ကမ်း ဧရာနဒီ တစ်ဖက်ကမ်းဆီ ရှုမျှော်နိုင်ပါသည်။ ခေါင်းလောင်းသံစီစီ၊ ဘုရားစေတီ ပုထိုးတွေ ဖူးမြော်နိုင်ပါသည်။ သာသနာရောင်ဝါထွန်းပြောင်၊ ကမ္ဘာတိုင်အောင်တည်”...။

“ဖိတ်ခေါ်ပါသည်။ ပခုက္ကူမြို့ဆီ လေ့လာစရာစုံညီ ရှင်မတောင်ကိုသွားမည်၊ တန့်ကြည့်တောင်ကို သွားမည်၊ ရွှေပေါင်လောင်က သာယာသည်၊ သရက်ခွံဘုရားနဲ့ ပခန်းဌာနီ၊ ဗဟုသုတ ပြည့်စုံမည်၊ အိမ်ပြန် လက်ဆောင်ပေးမည်၊ ရှင်မတောင်သနပ်ခါးက မွှေးပျံ့လှိုင်ကာကြည်၊ ယောလုံချည်နဲ့ ပင်နီချောလဲ သဘောတွေ့ရမည်၊ (အပြောမဟုတ်ပြီ)၂ (ပခုက္ကူမြို့ဆီ)၂ ဖိတ်ခေါ်ပါသည်” ဟူသော တေးရေး မဟာဆွေ၊ သံစဉ် မယ်ဒလင်လှတင်၏ “ဖိတ်ခေါ်ပါသည် ပခုက္ကူမြို့ဆီ” ဟူသော သီချင်းနှင့် “ရောအနောက်မြို့တော်” သီချင်းတို့ကို စာရေးသူ၏ နားတွင် ကြားယောင်နေရပါတော့၏။ ။

မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ငချဉ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ပုံတောင်၊ပုံညာတောင်ကို ဖောက်၍ ရထားလမ်း ဖောက်လုပ်ပေးခဲ့သဖြင့် ကျော-ရေမျက်နီ ရထားလမ်းမှတစ်ဆင့် ပခုက္ကူဈေးကွက် ဖြစ်ထွန်းလာသည်။

၂၀၁၀ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ် ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ၂၀၀၉၊ ၂၀၁၀ ပြက္ခဒိန်ဇယား၊ အရေးကြီးတယ်လီဖုန်းနံပါတ်များ၊ (နယ်အဝေး) မြို့များ၏ တယ်လီဖုန်း သင်္ကေတနံပါတ်များ၊ မက်ထရစ်စနစ် ပြောင်းလဲမှု ဇယား၊ နေပြည်တော်မှ နယ်မြို့များသို့ ကားလမ်း၊ မီးရထားလမ်း ခရီးစဉ်များပါရှိပြီး စာအုပ်ကို စက္ကူဖြူချောဖြင့် သေသပ်လှပစွာ ရိုက်နှိပ်ထားသည်။

၂၀၁၀ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၂၅၊၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် အမှတ်(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ်(၂၃၂) ဆူးလေဘုရားလမ်း ရန်ကုန်မြို့နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၄-၁၉၆၅) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရွှေရတုအကြို အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်စက်မှုတက္ကသိုလ်၌ ၁၉၆၄ခုနှစ်နှင့် ၁၉၆၅ ခုနှစ်များတွင် စတင် ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် တက္ကသိုလ်များ လှိုင်နယ်မြေ ရန်ကုန်မြို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်း ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ယူရေနီယံလဲလှယ်ရေး အာမခံချက်အပြည့်အဝလိုသည်ဟု အီရန်ပြောကြား

ကွာလာလမ်ပူ နိုဝင်ဘာ ၂၆

အီရန်နိုင်ငံသည် ယူရေနီယံ အလဲအလှယ်သဘောတူညီချက်ကို ငြင်းဆိုခြင်းမပြုကြောင်း၊သို့သော် အီရန်နိုင်ငံမှ အဆင့်နိမ့် သန့်စင်ထားသော ယူရေနီယံများကို ပြည်ပသို့ ပို့ပြီးသောအခါ အီရန်နိုင်ငံက လိုအပ်သောလောင်စာကိုရရှိရန် အာမခံချက်ရှိရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မက်မန်ပါရပ်(စ်)က ပြောကြားသည်။

အသုံးပြုနိုင်

၎င်းပြောသော အလဲအလှယ်ဆိုသည်မှာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ ကြားဝင်ညှိနှိုင်းပေးထားသော အလဲအလှယ် သဘောတူညီချက်ကို ရည်ညွှန်းသည်။ ယင်းမှာ အီရန်နိုင်ငံက အဆင့်နိမ့် သန့်စင်ထားသော ယူရေနီယံများကို ရုရှားနှင့် ပြင်သစ်နိုင်ငံများသို့ ပို့ပေးရမည်ဖြစ်ပြီး ၎င်းနှစ်နိုင်ငံက အဆိုပါ ယူရေနီယံများကို တီဟီရန်၏ ဆေးဘက်ဆိုင်ရာ အဏုမြူဓာတ်ပေါင်းဖိုအတွက် လောင်စာအဖြစ် အသုံးပြုနိုင်အောင် ဆက်လက်သန့်စင်ပေးရမည်ဖြစ်သည်။

တူရကီနိုင်ငံကို ကြားခံလဲလှယ်ရေးနေရာအဖြစ် အိုင်အေအီးအေက အဆိုပြုထားစဉ် အီရန်နိုင်ငံက ၎င်း၏တောင်းဆိုမှုကို ပြန်လည်ပြင်ဆင်ခဲ့သည်။

အီရန်နိုင်ငံသည် အာမခံချက်ကို ရာခိုင်နှုန်းပြည့်အလိုရှိသဖြင့် လဲလှယ်ရန်နေရာကို အီရန်မြေပေါ်မှာလုပ်ရန်ဆန္ဒရှိသည်ဟုမက်မန်ပါရပ်(စ်)ကထပ်မံပြောကြားလာသည်။

အာမခံချက်ကို မရအရတောင်းဆိုရန် အခွင့်အရေး အီရန်တွင်ရှိသည်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့ အင်အားကြီးနိုင်ငံများသည် ပေးထားသည့်ကတိကဝတ်ကို ဖြည့်ဆည်းရန်ပျက်ကွက်ခဲ့ကြောင်း ယခင်အခါများ ကတည်းက တွေ့ကြုံခဲ့ဖူးသည်ဟု ဆိုသည်။

ရုရှားနှင့် ပြင်သစ်က လောင်စာပေးပို့သည်အထိ အီရန်နိုင်ငံ၏ယူရေနီယံများကို ထိန်းသိမ်းသိုလှောင်ထားရန် တူရကီက အဆင်သင့် ဖြစ်နေခြင်းနှင့် ပတ်သက်၍ မက်မန်ပါရပ်(စ်)က အီရန်နိုင်ငံ၏ နျူကလီးယားအခွင့်အရေးနှင့်အမျိုးသားရေး အကျိုးစီးပွား ဘောင် အတွင်းမှ မည်သည့်ရွေးချယ်ခြင်းကိုမဆို အီရန်က ကြိုဆိုမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

တရုတ်နိုင်ငံက အီရန်ရေနံလုပ်ငန်းတွင် ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

တီဟီရန် နိုဝင်ဘာ ၂၆

အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းတွင် တရုတ်ကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား သဘောတူညီမှု ရရှိပြီ ဖြစ်ကြောင်း ပရက်(စ်)တီဗွီက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အီရန်တွင် ရေနံချက်စက်ရုံများ တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေ ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် နားလည်မှုစာချွန်လွှာကို အီရန်အမျိုးသားရေနံချက်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကုမ္ပဏီ (အင်န်အိုင်အိုအာရ်ဒီစီ)နှင့် တရုတ်နိုင်ငံမှဆိုင်နိုပက်ကော်ပိုရေးရှင်းတို့က လက်မှတ်ရေးထိုးကြသည်ဟု မီဟာသတင်းဌာနက ဖော်ပြသည်။

အင်န်အိုင်အိုအာရ်ဒီစီနှင့် ဆိုင်နိုပက်တို့သည် အဆိုပါသဘောတူညီချက်ကို နှစ်လအတွင်း အကောင်အထည်ဖော်ကြမည်ဖြစ်ကြောင်း သတင်းတွင် ရေးသားထားသည်။ ***အင်တာနက်။***

အီရန်
ရေနံချက်စက်ရုံ

နိုဝင်ဘာ ၂၅ရက်က အီရန်နိုင်ငံပိုင် ရေနံချက်စက်ရုံတစ်ရုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နေတိုးတပ်ဖွဲ့၏ လောင်စာဆီတင်ယာဉ် ပါကစ္စတန်၌ စစ်သွေးကြွများ ဖျက်ဆီး

ပက်ရှ်ဝါ နိုဝင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံရှိနေတိုးတပ်ဖွဲ့သို့ လောင်စာဆီ ပေးပို့မည့် လောင်စာဆီတင်ယာဉ်တစ်စီးကို နိုဝင်ဘာ ၂၅ ရက်က တာလီဘန်စစ်သွေးကြွများဟု ယူဆရသူများက ပါကစ္စတန်အနောက်မြောက် နယ်ခြားပြည်နယ်တွင် ပစ်ခတ်ဖျက်ဆီးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ပက်ရှ်ဝါမြို့၏ မြို့ပြင်တွင် အာဖဂန်နစ္စတန်သို့ ဦးတည်သွားနေသော လောင်စာဆီတင်ယာဉ်ကို စစ်သွေးကြွတို့က ချုံခိုတိုက်ခိုက်ခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ သေဆုံးခဲ့သည်။

အဆိုပါ စစ်သွေးကြွများသည် ကားကို ဒုံးကျည်ဖြင့် ပစ်ခတ်ရာ မီးလောင်ပျက်စီးခဲ့ရသည်။

နိုဝင်ဘာ ၂၄ ရက်ကလည်း ပါကစ္စတန်နိုင်ငံ ကွက်တာမြို့တောင်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာတွင်နေတိုးတပ်ဖွဲ့အတွက် လောက်စာဆီတင်ဆောင်လာသော ယာဉ်လေးစီးကို စစ်သွေးကြွတို့က ဖျက်ဆီးခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ခိုင်ဘာဒေသတွင်းရှိ စစ်သွေးကြွများကို ရဟတ်ယာဉ်များ အကူအညီဖြင့် ပါကစ္စတန် ခြေလျင်တပ်ဖွဲ့က ချေမှုန်းခဲ့ပြီး နောက်တစ်နေ့တွင် ဆီတင်ယာဉ်များကို စစ်သွေးကြွများက ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ခိုင်ဘာဒေသသည် နေတိုးတပ်ဖွဲ့အတွက် စားနပ်ရိက္ခာများကို အာဖဂန် နစ္စတန်သို့ သယ်ပို့ရာတွင် အဓိကလမ်းကြောင်း ဖြစ်သည်။

အာဖဂန်နစ္စတန်နယ်စပ်တွင် တာလီဘန်စစ်သွေးကြွများကို နေတိုးဦးဆောင်သော တပ်ဖွဲ့များက တိုက်ခိုက်လျက်ရှိသည်။ စစ်သွေးကြွများကလည်း အမေရိကန်တပ်ဖွဲ့သို့ ထောက်ပံ့ပို့ဆောင်ပေးသည့် ယာဉ်များကို မကြာခဏ တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။

အင်တာနက်။

မွမ်ဘိုင်းတိုက်ခိုက်မှုတွင် သံသယရှိသူများကို ပါကစ္စတန်အစိုးရ တရားစွဲဆို

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၆

ပါကစ္စတန်အစိုးရသည် လွန်ခဲ့သောနှစ်က ဖြစ်ပွားခဲ့သည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ယူဆရသူ ခုနစ်ဦးကို ဗုဒ္ဓဟူးနေ့က တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

စောင့်ကြည့်နေ

အိန္ဒိယနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့က မွမ်ဘိုင်းအကြမ်းဖက်မှုတွင် ပါဝင်သော တရားခံများအား ပါကစ္စတန်အစိုးရက မည်သို့မည်ပုံ အရေးယူမည်ကို စောင့်ကြည့်နေကြသည်။

စွပ်စွဲခံရသူ ခုနစ်ဦးတို့က မွမ်ဘိုင်းတိုက်ခိုက်မှုတွင် ၎င်းတို့ပါဝင် ပတ်သက်မှုမရှိကြောင်း လျှောက်ထားခဲ့သည်ဟု တရားခံ အကျိုးဆောင်ရှေ့နေ ရှာဘက်ဇ်ရာ့ဂျ်ပွတ်က ပြောကြားသည်။

လက်ရှ်ကာ-အီး-တိုင်ဘာ စစ်သွေးကြွအုပ်စုနှင့်ပတ်သက်သည်ဟု ယူဆရသော အဆိုပါ ခုနစ်ဦးတို့သည် ပြစ်မှုထင်ရှားလျှင်သေဒဏ် ချမှတ်ခံရဖွယ်ရှိသည်။ တရားစွဲဆိုခံရသူများထဲမှ ဇာကီ-အာ-ရီမင်း လက်ဗီနှင့် ဇာရာရှားဆိုသူ နှစ်ဦးတို့သည် မွမ်ဘိုင်းတိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့သူများ ဖြစ်ကြောင်းအိန္ဒိယနိုင်ငံက စွပ်စွဲထားသည်။ ***အင်တာနက်။***

နိုဝင်ဘာ ၂၅ ရက်က ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် နေတိုးတပ်ဖွဲ့သို့ လောင်စာဆီ ပေးပို့မည့်ယာဉ် မီးလောင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးဒဏ်ရာရ

ပက်ရှ်ဝါ နိုဝင်ဘာ ၂၆

ရဲအရာရှိတစ်ဦးကို ပစ်မှတ်ထားလုပ်ကြံရန်ထောင်ထားသော လမ်းဘေးဗုံးတစ်လုံးသည် ကြာသပတေးနေ့က ပက်ရှ်ဝါမြို့၌ ပေါက်ကွဲခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်စစ်တပ်က လွန်ခဲ့သည့် ခြောက်လမှစတင်၍ တာလီဘန် စစ်သွေးကြွများကို ထိုးစစ်ဆင်ချိန်မှစ၍ အနောက်မြောက် နယ်ခြားပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုဖြစ်သည်။

စီးနင်းလာ

ပက်ရှ်ဝါမြို့ ရဲတပ်ဖွဲ့အကြီးအကဲ ရီအက်ဇ်အူလီဆလမ် စီးနင်းလာသော ကားသည် လူနေရပ်ကွက်အတွင်း ဖြတ်သန်းစဉ် အဝေးထိန်းစနစ်ဖြင့် ဗုံးကို ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ အကြီးအကဲ အူလီဆလမ်၊ ၎င်း၏ယာဉ်မောင်းနှင့် ကလေးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်မှာ ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရပြီး အနီးရှိ လျှပ်စစ်တာဝါတိုင်တစ်ခုလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

သေနတ်သမားများ ပစ်ခတ်မှုကြောင့် အီရတ်၌ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက်ရှိ တာမီယာမြို့တွင် စစ်ဝတ်စုံများဝတ် ဆင်ထားသော သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးသုံးဦးအပါအဝင် အရပ်သား မိသားစုဝင် ခြောက်ဦး သေဆုံးခဲ့ရကြောင်း ဒေသခံရဲတပ်ဖွဲ့ကဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

သေနတ်သမားများသည် အခင်းဖြစ်ရာနေရာသို့ အလည်အပတ်ရောက်ရှိနေသော သေဆုံးသူမိသားစု၏ ဆွေမျိုးဖြစ်သည့် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ရင်သွေးတို့ကိုမူ သတ်ဖြတ်ခြင်းမရှိခဲ့ပေ။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တာမီယာမြို့၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုးမြှင့်ချထားလိုက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် နှစ်နှစ်တာအတွင်း အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုများ လျော့ပါးခဲ့သော်လည်း မကြာသေးမီကာလမှ စ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်တိုးမြှင့် ဖြစ်ပေါ်လာသည်ဖြစ်ရာ လာမည့်နှစ်တွင် ကျင်းပမည့် အမျိုးသား ရွေးကောက်ပွဲ အကြိုကာလအတွင်း အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်ရန် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အနေအထားကို ပြန်လည်သုံးသပ်ရဖွယ်ရှိသည်။

အင်တာနက်။

ယီမင်ပိုင်နက်သို့ ကျူးကျော်ခြင်းမရှိကြောင်း ဆော်ဒီပြောကြား

ရီယာ့ဒ် နိုဝင်ဘာ ၂၆

ရှီးယိုက်သူပုန်များကို တိုက်ခိုက်ရန်အတွက် ယီမင်နိုင်ငံ ပိုင်နက်မြေအတွင်းသို့ မိမိ၏တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့သည်ဆိုသော သတင်းကို ဆော်ဒီအာရေဗျနိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ငြင်းဆိုလိုက်သည်။

ယီမင်နယ်မြေအတွင်းရှိ သူပုန်များကို ဆော်ဒီတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ကြောင်း သတင်းဌာနအသီးသီးက ဖော်ပြထားသောသတင်းသည် လိမ်လည်ခြင်းနှင့် လုပ်ကြံဖန်တီးထားခြင်းသာဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားကြောင်း နိုင်ငံပိုင်သတင်းဌာန အက်စ်ပီအေက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဟူသီသူပုန်များကို မိမိတို့ပိုင်နက်အတွင်းမှ မောင်းထုတ်ရန်သာဖြစ်ပြီး နယ်စပ်ကို ဖြတ်ကျော်ခြင်းမပြုရန် ဘုရင်အဗ္ဗဒူလာက ဆော်ဒီတပ်ဖွဲ့များကို အမိန့်ထုတ်ထားခဲ့ကြောင်း အမည်မဖော်လိုသူအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အက်စ်ပီအေက ပြောကြားသည်။

ဆော်ဒီတပ်ဖွဲ့များက တနင်္လာနေ့တွင် နယ်စပ်တစ်လျှောက် ကြည်းတပ်၊ ရေတပ်ဖြင့် အလုံးအရင်း စစ်ခင်းလာခြင်းကို ယီမင်အစိုးရနှင့်ငါးနှစ်ကြာတိုက်ခိုက်နေကြသော ဟူသီ၊ ဇိုင်ဒီရှီးယိုက်သူပုန်တို့က ပြန်လည်တွန်းလှန်နိုင်ခဲ့ကြောင်း အင်္ဂါနေ့တွင် ကြေညာခဲ့သည်။ ***အင်တာနက်။***

▲ **ရှေ့ဖုံးမှ**

ခရီးသွားများအား လိုလေးသေး မရှိအောင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။

ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပါဝင်ဖွဲ့စည်းထားပြီး ပင်လယ်ပြင်အတွင်း တည်ရှိခြင်းကြောင့် သွားလာရန်ခက်ခဲသည့် မြို့နယ်တစ်ခုဖြစ်သည်။ ကိုကိုးကျွန်းမြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင် နှစ်ခုအကြား ရန်ကုန်မြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ အကွာ မြောက်လတ္တီတွဒ် ၁၄ ဒသမ၄ မှ ၁၄ ဒသမ ၁၀ အကြား အရှေ့လောင်ဂျီတွဒ် ၉၃ဒသမ၂၃ အတွင်း တည်ရှိပြီး ကျွန်း ၁၂ ကျွန်းဖြင့် ဖွဲ့စည်းထားသည်။

နယ်နိမိတ်အနေဖြင့် အရှေ့ဘက်တွင် ကြွက်ကျွန်း၊ အနောက်ဘက်တွင် ကပ္ပလီကျွန်း၊ မြောက်ဘက်တွင် ဖိနပ်ကျွန်း နှင့် စားပွဲကျွန်း၊ တောင်ဘက်တွင် ဂျယ်ရီကျွန်း၊ ကိုကိုးလေးကျွန်းတို့တွေ့ရသည်။

တောင်စွယ်များသွယ်တန်း

ကိုကိုးကျွန်း၏ မြေနိမ့်လွင်ပြင်များကို အရှေ့မြောက်ဘက်ကမ်းရိုးတန်းဒေသတွင် တွေ့ရှိပြီး၊ တောင်ဘက်ပိုင်းတွင် အရှေ့အနောက်မြေပြန့်ရှိပြီး ကမ်းခြေဆင်ခြေလျှော၌ ကျောက်ဆောင်ကျောက်သားများပေါ်များပြီး ဆင်ခြေလျှောအထက်ပိုင်းတွင် သဲမြေနုန်းများ ကွက်ကျားဖုံးအုပ်နေပါသည်။ ပင်လယ်ရေအကြည်နှုန်းမှာ ပေ ၄၀ ခန့်အထိ ဖောက်ထွင်းမြင်နိုင်ပြီး ကျွန်းပတ်လည်ရှိရေပြင်တွင် သန္တာကျောက်တန်းများ၊ ကျောက်တောင်ကျောက်ကုန်းများ ပေါ်များပါသည်။ မြေပြင်မှာ ညီညာပြန့်ပြူးခြင်းမရှိဘဲ ကျွန်းအလယ်ပိုင်းတွင် မြောက်မှ တောင်သို့ တောင်ကုန်းတောင်စွယ်များ သွယ်တန်းလျက်ရှိသည်။ အမြင့်ဆုံးတောင်ထိပ်မှာ ၃၆၆ ပေ မြင့်သည်။

ကိုကိုးကျွန်းရေလှောင်တမံ

ပင်လယ်၏ အနီးကပ်အကျိုးသက်ရောက်မှုကြောင့် အပူအအေး မျှတပါသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် ၉၅ လက်မခန့်ရရှိပြီး ပျမ်းမျှအပူချိန် ၂၈ ဒီဂရီစင်တီဂရိတ်ရှိပါသည်။ မြောက်မှ တောင်သို့ သစ်ပင်များ ဖုံးအုပ်ထားသော တောင်ကုန်း၊ တောင်စွယ်များသွယ်တန်းလျက်ရှိသော်လည်း တစ်နှစ်ပတ်လုံး စီးဆင်းသော စမ်းချောင်းများ မရှိခြင်းကြောင့် ဒေသခံမြို့သူ မြို့သားများ သောက်သုံးရေ ရရှိရေးအတွက် ရေဂါလန် ၄၉ သန်း လှောင်နိုင်သော ကိုကိုးကျွန်း ရေလှောင်တမံကို ၁၉၉၁ ခုနှစ်တွင် စတင်ဆောက်လုပ်ပြီး ၁၉၉၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ရေလှောင်တမံသည် မြေသားရေလှောင်တမံအမျိုးအစားဖြစ်ပြီး ပင်လယ်ရေပြင်နှင့် ပေ ၈၀၀ ခန့် အကွာတွင် တည်ရှိပါသည်။ မြင်းကောင်ရေ ၅၂ ကောင်ရှိ ရေတွန်းစက်ဖြင့် ရေဂါလန် ၃၀၀၀၀ ခန့်ကို မြို့တွင်းသို့ နေ့စဉ်ပေးပို့ပါသည်။ ရေလှောင်တမံအမြင့် ၂၄ ပေ၊ အလျား ပေ ၈၁၀၊ ထိပ်ဝအကျယ် ပေ၂၀ ရှိပြီး မိုးရေလှောင်သည့် တမံဖြစ်ပါသည်။

အရိပ်ရလေကာပင်

သဘာဝပေါက်ပင်များအဖြစ် သစ်နီ၊ သက်န်း၊ သက်န်းနက် (သစ်ကနက်)၊ ကညင်၊ ဒေါင်းအိတ်တန်းပင်၊ ပင်လယ်သပြေ၊ လက်ပံ၊ ဗာဒံ၊ သက်ပွ၊ သစ်မဲ၊ ပေပင်၊ ပင်လယ်အုန်း၊ ကြိမ်တို့ ပေါက်ရောက်ပြီး၊ စိုက်ပျိုးပင်များအနေဖြင့် အုန်း၊ သရက်၊ မာလကာ၊ ငှက်ပျောနှင့် အခြားစားသုံးသီးနှံများ၊ အလှပန်းပင်များ၊ အရိပ်ရလေကာပင်များရှိပါသည်။ စပါးကို ဒေသတွင်းစားသုံးရန်အတွက် စိုက်ပျိုးကြပါသည်။ ရာသီအလိုက် ဟင်းသီးဟင်းရွက်များ ၁၀ ဧကခန့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည်။

၂၅ ခုတင်ဆံ့ ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ။

ကိုကိုးကျွန်းတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သော နွား၊ ကြက်၊ ဘဲ၊ ဆိတ်တို့ မွေးမြူကြပါသည်။ ဆိတ်ကို အဓိကထားမွေးမြူကြပါသည်။ အဓိက စီးပွားရေးမှ အုန်းသီးလုပ်ငန်းနှင့် မျောလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။

ကိုကိုးကျွန်းမြို့နယ်ကို ယခင်က ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့နယ် တောင်ပိုင်း၌ ထည့်သွင်းစဉ်းစားခဲ့ပြီး ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန၏ ၂၁-၆-၆၉ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၄၉၇ အရ ၁-၇-၆၉ မှ စတင်ပြီး ဟံသာဝတီခရိုင်မှ ထုတ်နုတ်၍ ရန်ကုန်မြူနီစီပယ် နယ်မြေအတွင်း ထည့်သွင်းခဲ့သည်။ ယင်းနောက် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ ၈-၉-၆၉ ရက်စွဲပါ စာအမှတ် ၅၀ ဗလက (၁) ၆၉ အရ ရန်ကုန်တိုင်း လုံခြုံရေး အုပ်ချုပ်မှုနယ်မြေအတွင်း အမှတ် ၁၃ နယ်မြေအပြင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဆင့်သို့ သတ်မှတ်ခဲ့သည်။

လုပ်ကိုင်ကြ

မြို့နယ်အတွင်းအများစုမှာ ဗမာလူမျိုးများဖြစ်ပါသည်။ မွန်၊ ကရင်၊ ရခိုင်၊ ချင်းတို့လည်းရှိပါသည်။ အိမ်ခြေပေါင်း ၁၈၀ ခန့်ရှိပြီး လူဦးရေ ၁၀၀၀ ခန့် နေထိုင်ပါသည်။ ဌာနဆိုင်ရာဝန်ထမ်း၊ ရေလုပ်သား၊ ပန်းပု၊ ပုတီး၊ မွေးမြူရေး၊ ရေလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ပါသည်။

၁-၆-၉၂ ခုနှစ်မှ စတင်ပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၁၅၀ ကေဗွီအေ အမျိုးအစား၊ စကိုဒါဓာတ်အားပေးစက်ဖြင့် လည်ပတ်ပြီး ညစဉ် ၆ နာရီမှ ၁၁နာရီထိ လျှပ်စစ်မီးဖြန့်ဖြူးပေး ပါသည်။ အရှည်၁၄ မိုင် သုံး ဖာလုံရှိသော ကျွန်းပတ်မြေသားလမ်းအား အကျယ် ၁၂ ပေရှိ သော ကျောက်ခင်းလမ်းများအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကိုကိုးကျွန်းသို့ ဝင်ရောက်သော ရေယာဉ်များဆိုက်ကပ်ရန်အတွက် ၁၁၉၃ ပေအရှည် ရေဆင်းတံတား၊သစ်သားရေဆင်းတံတားတို့ရှိပြီး ရေတက်ချိန်တွင် သစ်သားရေဆင်းတံတားကို အသုံးပြုပါသည်။ မူလတန်းမှ အထက်တန်းအထိ ပညာသင်ကြားနိုင်သော ကျောင်းတစ်ကျောင်းရှိပြီး ဆရာ၊ ဆရာမ ၂၅ ဦး ရှိကာ ကျောင်းသားဦးရေ ၂၀၀ ကျော်ခန့်ရှိပါသည်။ ကျောင်းတွင် ကွန်ပျူတာသုံးလုံး၊ ပရင်တာတစ်လုံး တပ်ဆင်ထားပြီး ဒေသတွင်း နေထိုင်သူများ ပညာရေးကို ခေတ်မီပညာရေးဖြစ်အောင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းတက်ရန် အရွယ်မရောက်သေးသော ကလေးများအတွက် မူကြိုကျောင်းတစ်ကျောင်းကိုလည်း ဖွင့်လှစ်ထားပါသည်။

ကိုကိုးကျွန်းမြို့နယ် ဆေးရုံကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး စတင်ဖွင့်လှစ်စဉ်မှာ ခုတင် ၁၅ လုံးဆံ့ ဆေးရုံဖြစ်ပြီး ယခု ခုတင် ၂၅ လုံးဆံ့ ဆေးရုံအဖြစ် တိုးချဲ့ခဲ့ပါသည်။ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကျော်မိုးမြင့်၊ သွားဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ သူနာပြုအကူတစ်ဦး၊ အထွေထွေလုပ်သားငါးဦး၊ စာရေးတစ်ဦးရှိပါသည်။ မြို့နယ်ကျန်းမာရေးမှူး ဆရာဝန်ကြီးက ဒေသတွင်းပြည်သူများကျန်းမာရေးအတွက် စောင့်ရှောက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပေးခဲ့ပါသည်။

ဆက်သွယ်၍လွယ်ကူ

ကိုကိုးကျွန်းမြို့နယ်အတွင်း ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း IP Star လေးလုံးနှင့် အိတ်ချိန်းဖုန်းလိုင်း ၅၀ တို့ တပ်ဆင်အသုံးပြုနေပြီး တစ်ကမ္ဘာလုံးဆက်သွယ်၍ လွယ်ကူကြောင်းကို မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းဒေါ်ဌေးရီဝင်း(ဆ-သ-ရ)(၅)က ရှင်းလင်းပြောကြားပါသည်။

ကိုကိုးကျွန်းမြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်းတစ်ခုရှိပြီး ၂၀၀၅ခုနှစ်၌ မီးသတ်ကား တစ်စီး ရောက်ရှိခဲ့ပြီး မီးသတ်အင်အားအဖြစ် အရာရှိ တပ်စုမှူးဦးကျော်ချမ်းငြိမ်း၊ အခြားအဆင့် ငါးဦး၊ အရန်မီးသတ် ၅၀တို့ ဖြင့် ဖွဲ့စည်းထားပါသည်။

ကိုကိုးကျွန်းမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့စခန်း၊ မြို့နယ် တရားရုံး၊ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ရှိပါသည်။ မြို့နယ် ပြန်/ဆက်မှ ဒေသတွင်းပြည်သူများ ဗဟုသုတ တိုးပွားစေရေးအတွက် စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များဖြင့် ပြည်သူများ ဗဟုသုတကြွယ်ဝစေရန် ဆောင်ရွက်လျက်ရှိပါသည်။

ကိုကိုးကျွန်း၏ ထင်ရှားသော နေရာများမှာ ဇိနနာရဇိန်စေတီတော်၊ ဒီပါစေတီတော်၊ ကျွန်းအရှေ့ဘက်ရှိသော သောင်ပြင်နှင့် ကြွက်ကျွန်း၊ ကျွန်းတောင်ဘက်ရှိ ဂျယ်ရီကျွန်း၊ မင်္ဂလာကျွန်းရှိ မီးပြတိုက်တို့မှာ ထင်ရှားလှပသော နေရာများဖြစ်သည်။

မေ့မရနိုင်

ကိုကိုးကျွန်းဒေသခံ ပြည်သူများ၏ ရိုးသားသော စိတ်ဓာတ်၊ ဧည့်ဝတ်ကျေပွန်သော ဖော်ရွေမှုများနှင့် လေ့လာရေးခရီးသည်များကို လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သံလွင်သင်္ဘောပေါ်တွင် ခရီးသည်များ ဧည့်ဝတ်ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့သည့် မြန်မာ့ကြယ်ငါးပွင့်မှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်မိပါသည်။ လေ့လာရေးခရီးစဉ်တွင် ပါဝင်သော ဂီတ၊ ရုပ်ရှင်၊ သဘင် အစည်းအရုံးမှ အနုပညာရှင်များသည် ဒေသရှိ ပြည်သူများ၊ လေ့လာရေးခရီးသည်များအား ညဘက်တွင် ပင်လယ်ကမ်းခြေ၌ အဆို၊အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးပုံပွဲများကျင်းပသော မြင်ကွင်းမှာလည်း မေ့မရနိုင်သော မြင်ကွင်းများအဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။ ။

ကိုကိုးကျွန်း မြို့နယ်ခန်းမကို တွေ့ရစဉ်။

ကိုကိုးကျွန်းမြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်း။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ အကပြိုင်ပွဲ
၈း၀၀ ၇။ ကား၊ ရထားလမ်းနှစ်သွယ်ပါဝင် တည်ဆောက်နေတဲ့ ဧရာဝတီမြစ်ကူးတံတား(စဝ်ခန်း)
၈း၁၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅ ၉။ "မျှော်သူမမောစေချင်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၁၅ ၃။ အတီးပြိုင်ပွဲ
၄း၂၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၁၅ ၈။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
၅း၂၅ ၉။ တေးဂီတအစီအစဉ်
၅း၃၅ ၁၀။ ပဋ္ဌလက်ကျောင်းတော်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလောင်းရိပ်" (အပိုင်း-၁၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **"ဧရာဝတီရဲ့မနက်ဖြန်" (အပိုင်း-၂)(ဇာတ်သိမ်းပိုင်း) (နေအောင်၊ကျော်ရဲအောင်၊ ရဲအောင်၊ဝေဠုကျော်၊နေတိုး၊ ပြေတီဦး၊ဟိန်းစိုး၊နန္ဒာအောင်ခိုင်၊ စိုးမြတ်သူဇာ၊မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ခိုင်သင်းကြည်၊ စိုးမိုးကြည်၊မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိန်း)(ဒါရိုက်တာ- စင်ရော်မောင်မောင်)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၇၈)**
၂၀။ သီချင်းချစ်သူ(သီရိဆွေ)
၂၁။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ တတိယနေရာလုပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။ ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

အစုန်-အဆန် အထူးအမြန်ရထားကို လည်းကောင်း၊ စာပို့အမြန်ရထားဖြစ်သည့် မော်လမြိုင်-ရန်ကုန် အမှတ်(၈၉/၉၀) အစုန်၊ အဆန် စာပို့အမြန်ရထားကို လည်းကောင်း၊ မော်လမြိုင်-ပဲခူး လူစီးကုန်တင်လော်ကယ်ရထားဖြစ်သည့် အမှတ်(၈၅/၈၆) အစုန်-အဆန် လူစီးကုန်တင်လော်ကယ်ရထားကို လည်းကောင်း၊ ထားဝယ်-မော်လမြိုင်-ရန်ကုန် အမှတ်(၁၇၅/၁၇၆) အစုန်၊ အဆန် လူစီးအမြန်ရထားကို လည်းကောင်း နေ့စဉ် အစုန်၊ အဆန် ရထား ၁၀ စင်းဖြင့် သွားလာပို့ဆောင်ပေးလျက်ရှိသည်။

ဘူတာငယ်ပါ ရပ်တန့်

မော်လမြိုင်နှင့် ပဲခူးလမ်းပိုင်းတွင်လည်း ခရီးတိုရထားများဖြစ်သော သထုံ-မုတ္တမ ခရီးတိုရထား အမှတ်(၈၀၁/၈၀၂) အစုန်-အဆန် လော်ကယ်ရထားကို လည်းကောင်း၊ သထုံ-မြိုင်ကလေးခရီးတိုရထား အမှတ်(၈၀၃/၈၀၄) အစုန်-အဆန်လော်ကယ်ရထားကို လည်းကောင်း၊ သထုံ-မုပ္ပလင်ခရီးတိုအမှတ်(၈၁၇/၈၁၈) အစုန်-အဆန် လော်ကယ်ရထားကိုလည်းကောင်း စုစုပေါင်းခရီးတိုရထား အစုန်-အဆန်ရထား ခြောက်စင်းဖြင့် ဒေသခံပြည်သူများအတွက် ရပ်စခန်းဘူတာများ၊ ဘူတာငယ်များပါ ရပ်တန့်စေပြီး သွားလာပို့ဆောင်ပေးလျက်ရှိသည်။

စိတ်ချမ်းမြေ့လျက်ရှိ

မြန်မာ့မီးရထား တိုင်းအမှတ်(၈)၏ တိုင်းရုံးများမှာ မော်လမြိုင်ဘူတာသစ်ကြီး၏ အပေါ်ထပ်တွင်တည်ရှိပြီး ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်စွာ သွားလာနိုင်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်းခိုင်မာလာစေရေး၊ ဝင်ငွေတိုးရေး၊ ခရီးသည်နှင့် ပစ္စည်းများကို အထိရောက်ဆုံးကူညီနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ မြန်မာ့မီးရထားပိုင် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ စက်ခေါင်းနှင့်တွဲများ ချွတ်ယွင်းမှုနည်းပါးရေး၊ စက်ကိရိယာနှင့် အရန်ပစ္စည်း တီထွင်ထုတ်လုပ်ပြီး တိုးတက်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းအခွင့်အရေးများ မျက်ခြည်မပြတ်ရေး၊ မသမာမှုများ ကင်းရှင်းပပျောက်ရေး စသည့်မှုများကို ချမှတ်ပြီး တိုင်းအမှတ်(၈) တိုင်းမန်နေဂျာ ဦးညိုဦး (သွားလာရေး/တိုင်း)နှင့် လက်ထောက်မန်နေဂျာ ဦးမောင်မောင်လေး (သွားလာရေး/တိုင်း)တို့က တိုင်းအတွင်း ကွင်းဆင်းပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။ ။

မော်လမြိုင်ဘူတာသို့ ရထားတစ်စင်း ဆိုက်ရောက်လာရာ ကြိုဆိုသူများ၊ ခရီးသွားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ခရီးသွားပြည်သူများ လုံခြုံစိတ်ချမ်းမြေ့စွာ နားနေနိုင်ရန် အသစ်တည်ဆောက်ပေးထားသော ကျယ်ဝန်းသပ်ရပ်သည့် မော်လမြိုင်ဘူတာ အဆောက်အအုံသစ်ကြီးကို တွေ့ရစဉ်။

သံအမတ်ကြီး ဦးတင်ယုအား တူရကီသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်) မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

အထက(၂) ဗိုလ်တထောင် (စိန့်ဖိလစ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့) နံနက် ၉ နာရီတွင် (စိန့်ဖိလစ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ(၁၉၄၅-၂၀၀၈)ခုနှစ် စာသင်နှစ်များအတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အထက်ပါစာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်အေးမူ ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း-၅၁၀၅၉၈ တို့သို့ ဆက်သွယ်အကြောင်းကြားကြပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် ဦးမျိုးမြင့် ဖုန်း-၀၉-၅၁၃၂၇၇၇၊ ဦးသီဟန် ဖုန်း-၀၉-၅၀၁၆၅၃၁၊ ဦးအောင်ချိုဦး ဖုန်း- ၀၉-၅၁၄၈၃၄၉၊ ဦးအောင်ကျော်မြင့် ဖုန်း ၀၉-၅၀၄၇၄၄၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၅၁၇၅၀၀၉၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁၅၈၁၅၉၊ ဒေါ်မိမိမောင် ဖုန်း-၀၉-၅၁၃၀၉၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး နိုဝင်ဘာ ၁၆ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ ကျင်းပသော (၁၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၆

တိုင်းယာဉ်လိုင်းလုပ်ငန်းကော်မတီ၊ တိုင်းယာဉ်လိုင်းလုပ်ငန်း ကော်မတီဝင်ဌာနခွဲ (၃) ရန်ကုန်မြောက်ပိုင်းခရိုင် စီမံမှုအောက်ရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က တိုက်ကြီးမြို့နယ် အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းယာဉ်လိုင်းလုပ်ငန်းကော်မတီဝင်ဌာနခွဲ (၃) ဌာနခွဲမှူး ဦးထွန်းတင်က ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အသင်း အတွင်းရေးမှူး ဦးလှဝင်းက ယာဉ်ပိုင်ရှင်များ သိသင့်သိထိုက်လိုက်နာရမည့် အချက်အလက်များကို ဟောပြောဆွေးနွေးသည်။ ဟောပြောပွဲသို့ ယာဉ်လိုင်းလုပ်ငန်းကော်မတီမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၀၀ ကျော်ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် အလုပ်အမှုဆောင် ဦးကျော်သိန်းတို့အား မလေးရှားနိုင်ငံ Antony Consulting Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. John Antony ခေါင်းဆောင်၍ အဖွဲ့ဝင်နှစ်ဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင် စွမ်းဆောင်ရည်မြင့်မားမှု ရှိလာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စ၊ အသိပညာပေးရေး လုပ်ငန်းများကို အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့
"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့"
"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination; Access to Services for Everyone"

မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ သရက်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မကွေးမြို့နယ်အတွင်း ဧရာဝတီမြစ်ကူးတံတား (မလွန်ဘက်ကမ်း) တည်ဆောက်မည့်နေရာနှင့် ကြံခင်း-ပခုက္ကူမီးရထားလမ်း သရက်-ပွင့်ဖြူလမ်းအပိုင်း ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ကျေးရွာ၌ မီးရထားရဲစခန်းတည်ဆောက်ရန်နေရာ၊ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဆေးဝါးကိရိယာများ ပြည့်စုံကောင်းမွန်မှု အခြေအနေတို့ကိုလည်းကောင်း၊ ကိုးပင်ကျေးရွာအနီး သရက်-ပွင့်ဖြူမီးရထားလမ်းအပိုင်းနှင့် ဆက်သွယ်မည့် မီးရထားသံလမ်းခင်းကျင်းနေမှု အခြေအနေနှင့် သရက်-ကံမလမ်း၊ ချင်းမတောင်ရှောင်ကွင်း ကားလမ်းဖောက်လုပ်မည့်နေရာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌသည် ကံမမြို့နယ် အလယ်လတ်ကျေးရွာ အုပ်စု၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် ရေနံ့သာကျေးရွာအနီး သရက်-ကံမလမ်းအပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အောင်လံမြို့နယ် မင်းကန်ကျေးရွာအနီး မင်းကန်တစ်ဖက်ရပ်ဆည် တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဥက္ကဋ္ဌသည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ စက်ရုံရပ်ကွက်၌ အုတ်ခံသံကူကွန်ကရစ်ရက်မသစ်သားကြမ်းခင်းတံတား တည်ဆောက်နေမှု အခြေအနေ၊ အောင်လံမြို့နယ် ရေပေါ်ကျေးရွာ၌ ငွေချည်(၆) ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ ကျောက်ပန်းတောင်းကျေးရွာ ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်၌ ဝါများဝယ်ယူထားရှိမှု အခြေအနေ၊ ရွာမထုံးကျေးရွာအနီး မြေနီလမ်းခင်းကျင်းနေမှုနှင့် မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဥက္ကဋ္ဌသည် ဘွက်ကြီးရေလှောင်တမံ၌ တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေပန်းတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းပရိဘောဂများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု၊ ရွှေပန်းတောကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးကုသခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့မှတစ်ဆင့် တိုင်းဥက္ကဋ္ဌသည် အောင်လံမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁)၌ သစ်သားတံတား တည်ဆောက်မှုအခြေအနေ၊ ကွမ်းခြံစုကျေးရွာ မိုးစပါးစံကွက် ရိတ်သိမ်းနေမှုအခြေအနေ၊ ကုက္ကိုဂွကျေးရွာ ငွေချည်(၆)ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် ဧရာဝတီမြစ်ကူးတံတား (ပဒေါနဂိုဘက်ကမ်း) တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Antony Consulting Pte., Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr. John Antony ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (ကုန်သည်/စက်မှု)

နိုဝင်ဘာ ၈ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက် မရမ်းခြံဓမ္မာရုံ၌ ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ကျန်းမာရေးမှူးက ဆေးလိပ်မသောက်ရေး ပညာပေးဟောပြောစဉ်။ (၃၈၇)

ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောက်ဆည် နိုဝင်ဘာ ၂၆

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရဲမအူကျေးရွာ ရဲရင့်သွေး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်အား ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဌေးလှိုင်နှင့် ရပ်မိရပ်ဖ ဦးမြသွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)** (ခရိုင်ပြန်/ဆက်)

ဖြစ်ခြင်းတို့အမှန် အချိန်လည်းတန်ခဲ့ပြီ

လှိုင်ဘွား(ပါရမီ)

ဧရာဝတီ၏အစ မေခနှင့် မလိခပေါင်းဆုံရာအရပ်ဆီသို့ စိတ်ကူးနှင့် ရောက်ကြည့်မိသည်။ ထိုအရပ်ဆီမှ ရေကြည်ရေသန့်တို့ကား တသွင်သွင်စီးဆင်းလျက် မြေပြန့်လွင်ပြင်ဆီသို့ အပြေးအလွှား အရောက်သွားကုန်ကြပေပြီ။ မည်သူတွေ မည်သည့်အရာတွေက မည်သို့ တားဆီးနိုင်အံ့နည်း။ ထိုစီးဆင်းရာလမ်းတစ်လျှောက်တွင် ကြုံရဆုံရသမျှ မြစ်တို့၊ ချောင်းတို့သည်လည်း ဧရာဝတီဟုခေါ်တွင်မည့် ရေအလျဉ်ကြီးထဲသို့ စုပေါင်းစီးဝင်ကြကုန်ရာ အင်အားသစ်တို့ ပေါက်ဖွားကြီးထွားလာရပြန်သည်။ ဤသို့ ပေါင်းဆုံကြစေဖို့ မည်သည့်အရာကမျှ တွန်းအားမပြု၊ သဘာဝအခြေအနေတစ်ခုတွင် ဖြစ်တည်လာရခြင်းသာ။

ထိုနည်းတူ သံလွင်သည်လည်းကောင်း၊ စစ်တောင်းသည်လည်းကောင်း၊ ချင်းတွင်းသည် လည်းကောင်း၊ လေးမြို့မြစ်နှင့် ကုလားတန်မြစ်တို့သည် လည်းကောင်း လမ်းကြောင်းအသီးသီးမှ စီးဆင်းလာကြသော်လည်း အိန္ဒိယသမုဒ္ဒရာနှင့် သူနှင့်ဆက်စပ်ရာ ဘင်္ဂလားပင်လယ်အော်အတွင်း စုပေါင်းသက်ဆင်းကြတော့သည်။ ထိုလမ်းကြောင်းကို မည်သူကမျှ ပြောင်းလဲစေခြင်းငှာ မစွမ်းသာနိုင်။ မုတ်သုံရာသီရောက်ချိန်တွင်လည်း မည်သည့်အရပ်က မိုးကိုမျှမျှော်ဖို့ရာမရှိ၊ အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်မှ ခရီးဆန့်လာသည့် တိမ်စိုင်တို့က စုရုံးထကြွ သယ်မယူဆောင်လာသော မိုးစက်မိုးငွေ့တို့ကိုသာ လက်ခံကြရသည်သာတည်း။ တစ်မိုးအောက်တွင် တစ်ရေတည်းသောက်ကြသူများ စုရုံးပေါင်းစည်းကြသော ပြည်ထောင်စုမြန်မာနိုင်ငံကြီးက မည်သူမျှခြေမွဖျက်ဆီးခြင်းငှာ မစွမ်းသာလောက်အောင် တည်ရှိမှုသက်သေက ခိုင်မာလှပေသည်။

ဤဖြစ်ခြင်းအမှန်တရားကို သက်သေထားလျက် သံသယရက်များကို သင်ပုန်းချေကျော်ဖြတ်နိုင်သူတို့ကား သမိုင်းစာမျက်နှာတို့ကို ရွှေရောင်ခြယ်မှုန်း အလှဆုံးဖြစ်စေခဲ့ပေပြီ။ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် သူတင်ကိုယ်တင်ပါဝင်ဆောင်ရွက်ကြမည်ဟု နိုင်ငံ့သစ္စာကို ရင်မှာပြုကာဖြင့် မိမိတို့၏ အမှောင်လွှမ်းသော လက်နက်များကို ပြည်သူ့မေတ္တာဖြင့် လင်းရောင်သမ်းစေကာ နိုင်ငံတော်၏ နယ်နိမိတ်ကို တစ်စိတ်ကလေးမျှ မပွန်းပဲ့စေရအောင် ကာကွယ်စောင့်ရှောက်မည့် နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းခဲ့ကြသော ကချင်ပြည်နယ်အထူးဒေသ(၁) NDAK အဖွဲ့နှင့် ကယားပြည်နယ်အထူးဒေသ(၂) ကလလတအဖွဲ့တို့ကား ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၈ ရက်ကပင် သမိုင်းပန်းချီကားကို ဆေးသားအသစ်တင်ခဲ့ကြပြီဖြစ်သည်။

သူတို့သည် **နိုင်ငံတော်အလံရှေ့ကိုအဖြတ် ခိုင်ကျည်သော စိတ်ဓာတ်ဖြင့် ရင်မှာမာန်တင်းရင်း တစ်ဦးချင်းလက်ကို ဆန့်တန်းလျက် အလံကိုထိကာ သစ္စာပြုခဲ့ကြပေပြီ။ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်၊ ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏” ဟူသော တပ်မတော်သားတစ်ယောက်၏ မွန်မြတ်လေးနက်လှသော သစ္စာဓိဋ္ဌာန်မှ စတုတ္ထမြောက်စာသားက လေးနက်လှပေရာ သူတို့ကို မဆိုထားဘိ၊ ဘေးက နားထောင်ရသူပင် ကြက်သီးဖျန်းဖျန်းထအောင် ဖြစ်ရတော့သည်။ မိမိကိုယ်ကျိုးမပါ၊ နိုင်ငံတော်အတွက်၊ နိုင်ငံသားတို့အတွက်၊ ထိုနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်ကြီးအတွက် မိမိအသက်ကို စွန့်လွှတ်ပါမည်ဟု ရင်ထဲမှ လှိုက်လှဲစွာဖြင့် သံကုန်ဟစ်ကြပေရာ ပွဲလာပရိသတ်များ မဆိုထားဘိ၊ နံဘေးတောင်ကမ်းပါးယံမှ သစ်ပင်သစ်ခက်များပင် အံ့သြချီးမွမ်း လှုပ်ယမ်းပြကြရတော့သည်။** ဤမွန်မြတ်လှသော သစ္စာပြုချက်ကို အဘယ်ယောကျာ်းသားတိုင်းက ပြုရဲကြအံ့နည်း။ ပြုရဲသည်ဆိုဦးတော့ အဘယ်သို့သော ပုဂ္ဂိုလ်တို့က လမ်းကြောင်းမှန်ပေါ် ရပ်တည်လျက် ဆိုရဲအံ့နည်း။ စစ်ရေးပြကွင်းအတွင်းမှ နယ်ခြားစောင့်တပ်ဖွဲ့ဝင် ပုဂ္ဂိုလ်တို့ကား ဝင့်ကြွားသော မျက်နှာ၊ ခိုင်မာသော ဆုံးဖြတ်ချက်တို့ဖြင့် ထိုကဲ့သို့သော ယောကျာ်းဇာနည်များအဖြစ် တင့်တယ်ခံ့ညားလှတော့သည်။

တစ်ချိန်ကတော့ သူတို့သည် တပ်မတော်ဝတ်စုံတို့ကို မုန်းတီးခဲ့ကြပေမည်။ ဤဝတ်စုံ ဝတ်ဆင်သူတို့နှင့် အပြန်အလှန်တိုက်ခိုက်ခဲ့ဖူးကြပေမည်။ သို့စေကာမူ **ပြည်ထောင်စုစိတ်ဓာတ်၏ ကြီးမားလှသော လှိုင်းဂယက်က လက်တွဲချီတက်နိုင်မည့် လမ်းကြောင်းပေါ်သို့ သူတို့ကို တွန်းတင်ပေးခဲ့သည်။ ပထမဆင့်တွင် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ကြသည်။ ဒေသဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ကြသည်။ ဤသို့အားဖြင့် တစ်စထက်တစ်စ နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင်လာခဲ့ရာမှ ယခုလို နိုင်ငံတော်၏ တစ်စုတစ်စည်းတည်းသော ကွပ်ကဲမှုအောက်တွင် နယ်ခြားစောင့်တပ်အဖြစ် ဝမ်းမြောက်ဝမ်းသာ တာဝန်ထမ်းရန် ဆုံးဖြတ်နိုင်ခဲ့ကြတော့သည်။ ဤဝတ်စုံတို့ကို ခံ့ခံ့မင်မင် ဝတ်ခဲ့ကြတော့သည်။ အလွန်အံ့သြရလောက်သော စည်းလုံးမှုဖြစ်စဉ်ကား မြင်ရသူတို့ဘဝင်နှလုံးကို တသိမ့်သိမ့်တုန်ရလောက်အောင်ပင် ဖြစ်ထွန်းခဲ့တော့သည်။**

အချို့သော အဖွဲ့များကတော့ ပြင်ဆင်နေဆဲရှိကြသည်။ ဤသို့သောကာလတွင် ထုတ်လွှင့်နေကျ လေပုပ်ထုတ် အသံလွှင့်ဌာနများက သွေးထိုးသပ်လျှို၍ နားဝေတိမ်တောင်ဖြစ်အောင် ဘေးတီးပေးကြသည်။ နယ်ခြားစောင့်တပ် ဖွဲ့စည်းမှုတို့ကို ပျက်ပြားစေဖို့ သွေးထိုးလှုံ့ဆော်ကြသည်။ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများအတွင်းတွင်လည်း သဘောထားခံယူချက်တို့က အမျိုးမျိုးကွဲပြားနိုင်ကြပေရာ လေပုပ်ထုတ်သူတို့က အဆိုးမြင်သူ များပြားလာအောင် ပံ့ပိုးပါဝင်ကြသည်။ အဆိုးမြင်စကားတို့ကိုသာ ထုတ်လွှင့်ကြသည်။ စစ်ပွဲများ ဖြစ်မှ၊ သွေးထွက်သံယိုဖြစ်ကြမှ၊ ကွဲကြပြဲကြမှ၊ သူတို့လိုချင်သောသတင်းမျိုးရမည်၊ လစာရနိုင်မည်ဖြစ်ရကား ငြိမ်းချမ်းချစ်ကြည်မှုကို သူတို့မကြားချင်။ ထိုအသံလွှင့်ဌာနများမှ ပုဂ္ဂိုလ်တို့ကား သတင်းဖြစ်ဖို့၊ နာမည်ကြီးဖို့သာဆိုလျှင် အမှန်ကို အမှား၊ အဖြူကို အမည်းဖြစ်အောင် လုပ်ကြံ၊ ပုံကြီးချဲ့ သတင်းထုတ်ပြန်မည့်သူများသာ ဖြစ်ကြောင်း သိဖို့တော့ကောင်းပေမည်။

စတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော် ကျယ်ဝန်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေပိုင်းထိစပ်မှု ၁၃၅၈ မိုင်ခန့်ကို တရားမျှတစွာ ကာကွယ်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသော အင်အားစုတို့ လိုအပ်ပေသည်။ မိမိတို့နိုင်ငံသာမက အတိုင်းတိုင်းအပြည်ပြည်တွင်လည်း နယ်ခြားစောင့်တပ်၊ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့တို့ ရှိကြပေသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင် Border Security Force(BSF)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Border Guard Bangladesh (BGB)၊ ပါကစ္စတန်နိုင်ငံတွင် Frontier Corps (FC)၊ ထိုင်းနိုင်ငံတွင် BPP၊ တရုတ်နိုင်ငံတွင် PAP စသည်ဖြင့် အသီးသီးရှိကြပေသည်။ ထိုထိုသော တပ်ဖွဲ့အားလုံးသည်လည်း သူတစ်လူငါတစ်မင်း မဟုတ်မူဘဲ သူတို့နိုင်ငံတော်၏ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်း၏ ကွပ်ကဲမှုအောက်တွင်ရှိကြရသည်ကို တွေ့နိုင်ပေသည်။

သို့ဖြစ်ရာ ဤဖြစ်စဉ်တစ်ရပ်လုံးတွင် မည်သည့်အရာကိုမျှ ဆန်းပြားသည်၊ နိမ့်ပါးသည်ဟု ဆိုဖွယ်ရာမရှိ။ ရိုးစင်းလွန်းလှသည်။ နိုင်ငံတိုင်းက သူ့နည်းသူ့ဟန်ဖြင့် ဆောင်ရွက်နေပေရာ မိမိတို့နိုင်ငံက ထိုသို့ဆောင်ရွက်သည့် ကိစ္စကျမှ ပျက်ပြားစေလိုသော သဘောထားများကား မည်သည်ကို ရည်ရွယ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်ပေသည်။ အချို့က မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသတွင် မရိုးမသားစီးပွားရှာလိုကြသည်။ နိုင်ငံတော်နှင့် တရားဝင်ကူးသန်းဆက်သွယ်ပါက မျှတသော ဈေးနှုန်းစကားဆိုရမည်။ နိုင်ငံတော်၏ ထိန်းချုပ်နိုင်မှု လျော့နည်းပါက၊ တရားမဝင်လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရပါက အချို့အချောင်ရနိုင်မည်ဟု ယူဆကြသည်။ အချို့ကတော့ တစ်ချိန်တုန်းကလို ဥပဒေမဲ့ထင်ရာစိုင်းချင်ရကား ထိုလက်နက်ကိုင်တပ်ဖွဲ့များနှင့် တပ်မတော် တစ်သွေးတည်းတစ်သားတည်း ဖြစ်သွားမည်ကို စိုးရိမ်ကြသဖြင့်လည်းကောင်း၊ အချို့က နိုင်ငံတော်ကို အင်အားပြုန်းတီးချည့်နဲ့စေလိုခြင်းကြောင့် လည်းကောင်း ရည်ရွယ်ချက်ဆိုးတို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ သဘောထားဝေဝါးနေသူတို့ကို “နယ်ခြားစောင့်တပ်ဖြစ်သွားပါက မည်သို့မည်ပုံဖြစ်မည်”ဟု သွေးခွဲစကားဆိုကြသည်။ အချို့နိုင်ငံရေးသမားယောင်ယောင် အချောင်သမားတို့ကလည်း နိုင်ငံတော်တည်ငြိမ်သွားပါက ပြည်ပမှရရှိနေသည့် အဖျက်အမှောင့်လုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ရပ်ဆိုင်းသွားပြီး သူတို့အတွက်မြိုးမြိုးမြက်မြက်ရနေသည်လေးများ ဆုံးပါးသွားမှာကို စိုးရိမ်ကြသည်။ အချို့က တည့်တည့်ပြောသည်။အချို့ကတော့ ကိုယ်တိုင်အပြောခက်သဖြင့် ဆိုခဲ့ပြီးသော လေပုပ်ထုတ်အသံလွှင့်ဌာနများမှတစ်ဆင့် သပ်လျှိုသည်။ စားပွဲဝိုင်းများ၊ အင်တာဗျူးများတွင်တော့ နိုင်ငံတော်တွင် တည်ငြိမ်မှုရှိစေချင်သည်ဟု ခိုကလေးနှစ်ကောင်ပိုက်ထားသည့်ပုံ ရိုးပုံရိုးလက် မျက်နှာဖြင့် ကရုဏာသက်ဖွယ် စကားဆိုကြသည်။

သို့သော် အေးချမ်းတည်ငြိမ်စွ…
အဖြစ် ကချင်အထူးဒေသ(၁)နှင့် …
ခမ်းခမ်းနားနား ဖွဲ့စည်းလိုက်ချိန်တွ…
ပြုတ်ကျအောင် တုန်လှုပ်ကြသည်။ …
ကျန်တိုင်းရင်းသားလက်နက်ကိုင်အ…
လေးများကတော့ သတင်းစာနှင့် ရု…
လိုက်ရသည့် နယ်ခြားစောင့်တပ်ဖွဲ့…
ကြည့်ပြီး စိတ်လှုပ်ရှားကြသည်။ …
ကျင်းပအပ်နှင်းလိမ့်မည်ဟု သူ…
စိတ်ဝင်စားဖွယ်ရာ ခံ့ခံ့ညားညား…
အပ်နှင်းခံရပေရာ မလိုမုန်းထားသူ…
ကွဲလွဲနေကြောင်း ကောင်းကောင်းကြ…
မည်သို့ဆိုစေ ကချင်အထူးဒေသ(…
(၂)တို့သည်ကား နိုင်ငံတော်တည်ငြိ…
စည်းလုံးညီညွတ်ရေး လမ်းကြောင်း…
မြင်သာအောင် ရှေ့ဆောင်လမ်းပြ…
သံလွင်နှင့် ဧရာဝတီကို အခြေတည…
ကို သံသယမဖက် ဆက်နွယ်ခဲ့ကြ…

ဤသို့လျှင် **သံသယမီးပွားတို့က…
ခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် …
သာတည်း။ မူလက ဒေသခံအနည်…
သော လက်နက်ကိုင်တပ်ဖွဲ့ဝင်မျ…
လေးစားအသိအမှတ်ပြုခံရသော၊ …
စောင့်တပ်ဖွဲ့ဝင်များဖြစ်ခဲ့ကြပေပြီ။ …
ကိုသွားသွား နိုင်ငံတော်၏ တပ်…
ကချင်နှင့် ကယားပြည်နယ်မှ …
တစ်ဝန်းလုံးမှ ပြည်သူတို့ကလည်း …
စောင့်ရှောက်ပေးနေသူ မှတ်တမ်းဝ…
သူတို့ကို အသိအမှတ်ပြုခဲ့ကြပေပြီ…**
ဂုဏ်လျော့သည်။ အခွင့်အရေး…
အကြောင်း တရားက မှတ်ချက်ပြု…
အရေးတို့ ဆုံးရှုံးသနည်း။ မျက်စိမှိ…
ဖွဲ့စရာသာ ဖြစ်တော့မည်။

ဧရာဝတီ စီးဆင်းရာလမ်းတစ်…
တို့လည်း ပေါင်းစပ်စီးဝင် နီကြင်ကြ…
အချိန်တန်လျှင်မူ ရေကြည်ဖြူသန့်…
တည်း။ ထို့အတူ ချင်းတွင်းသည်…
လည်းကောင်း၊ စစ်တောင်းသည်…
ကုလားတန်တို့သည် လည်းကောင်း …
တွင် ရေဆိုးတို့နှောလျက် ရေအရေ…
ပင်ရှိစေ လေငြိမ်ရေငြိမ်သောကာ…
တွင်တော့ ကြည်လင်သောရေတို့အ…
နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း …
ပေါင်းစည်း မိတ်ဖက်ပြုကြရပေ…
အခိုးအငွေ့ပြန်လျက် မိုးရေစက်တို့…
ကြီး၏ တိုင်းရင်းသားတို့ ဒေသများ…
ကို သွန်းချမျှဝေ ပေးပြန်သည်။

အချိန်တန်ပေပြီ။ အပြီးသတ်…
ဖြစ်ရကား နိုင်ငံနယ်ခြားဒေသ လုံ…
နယ်ခြားစောင့်တပ် အခန်းအကျ…
ဆင်နိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါစို့…
သည်။ ။

နိုင်ငံတော်အလံရှေ့ကိုအဖြတ် ခိုင်ကျည်သောစိတ်ဓာတ်ဖြင့် ရင်မှာမာန်တင်းရင်း တစ်ဦးချင်းလက်ကို ဆန့်တန်းလျက် အလံကိုထိကာ သစ္စာပြုခဲ့ကြပေပြီ။ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်၊ ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏” ဟူသော တပ်မတော်သားတစ်ယောက်၏ မွန်မြတ်လေးနက်လှသော သစ္စာဓိဋ္ဌာန်မှ စတုတ္ထမြောက် စာသားက လေးနက်လှပေရာ သူတို့ကို မဆိုထားဘိ၊ ဘေးက နားထောင်ရသူပင် ကြက်သီးဖျန်းဖျန်းထအောင် ဖြစ်ရတော့သည်။ မိမိကိုယ်ကျိုးမပါ၊ နိုင်ငံတော်အတွက်၊ နိုင်ငံသားတို့အတွက်၊ ထိုနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်ကြီးအတွက် မိမိအသက်ကို စွန့်လွှတ်ပါမည်ဟု ရင်ထဲမှ လှိုက်လှဲစွာဖြင့် သံကုန်ဟစ်ကြပေရာ ပွဲလာပရိသတ်များ မဆိုထားဘိ၊ နံဘေးတောင်ကမ်းပါးယံမှ သစ်ပင်သစ်ခက်များပင် အံ့သြချီးမွမ်း လှုပ်ယမ်းပြကြရတော့သည်။

**သံသယမီးပွားတို့ကား တဖြည်းဖြည်းငြိမ်းအေးခဲ့ရာမှ တစ်ချိန်…
ချုပ်ငြိမ်းပျောက်ကွယ်ရမည်သာတည်း။ မူလက ဒေသခံအနည်းစုက…
ပြုခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ်မှ တစ်နိုင်ငံလုံးက လေ…
ပြုခံရသော၊ မှတ်တမ်းဝင်သော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ဖြစ်ခဲ့…
အနှံ့ မည်သည့်ဒေသကိုသွားသွား နိုင်ငံတော်၏ တပ်မတော်သ…
ကချင်နှင့် ကယားပြည်နယ်မှ ပြည်သူတို့ကသာမက နိုင်ငံတစ်ဝန်း…
ကလည်း နိုင်ငံတော်၏ နယ်နိမိတ်ကို စောင့်ရှောက်ပေးနေသူ…
တပ်မတော်သားတို့အဖြစ် သူတို့ကို အသိအမှတ်ပြုခဲ့ကြပေပြီ။**

သို့သော် အေးချမ်းတည်ငြိမ်စွာနှင့် နယ်ခြားစောင့်တပ်အဖြစ် ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂)တို့က ခမ်းခမ်းနားနား ဖွဲ့စည်းလိုက်ချိန်တွင်မူ စားလက်စထမင်းလုတ် ပြုတ်ကျအောင် တုန်လှုပ်ကြသည်။ သူတို့နှင့်မတူ ခြားနားသော ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ လူငယ်စစ်သည်လေးများကတော့ သတင်းစာနှင့် ရုပ်မြင်သံကြားတွင် တွေ့မြင်လိုက်ရသည့် နယ်ခြားစောင့်တပ်ဖွဲ့စည်းခြင်း အခမ်းအနားကို ကြည့်ပြီး စိတ်လှုပ်ရှားကြသည်။ ဤလို ခမ်းခမ်းနားနားကြီး ကျင်းပအပ်နှင်းလိမ့်မည်ဟု သူတို့ထင်မထား၊ ယခုတော့ စိတ်ဝင်စားဖွယ်ရာ ခံ့ခံ့ညားညား နယ်ခြားစောင့်တပ်အဖြစ် အပ်နှင်းခံရပေရာ မလိုမုန်းထားသူတို့ ပြောနေကြသည်နှင့်မတူ ကွဲလွဲနေကြောင်း ကောင်းကောင်းကြီး တွေ့မြင်လိုက်ကြရသည်။ မည်သို့ဆိုစေ ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂)တို့သည်ကား နိုင်ငံတော်တည်ငြိမ်လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လမ်းကြောင်းကို ကျန်တိုင်းရင်းသားအများ မြင်သာအောင် ရှေ့ဆောင်လမ်းပြဆောင်ရွက်ခဲ့ကြပြီ ဖြစ်သည်။ သံလွင်နှင့် ဧရာဝတီကို အခြေတည်လျက် ခိုင်မြဲသောလက်တို့ကို သံသယမဖက် ဆက်နွယ်ခဲ့ကြပေပြီ။

ဤသို့လျှင် **သံသယမီးပွားတို့ကား တဖြည်းဖြည်းငြိမ်းအေးခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်ရမည်သာတည်း။ မူလက ဒေသခံအနည်းစုကသာ အသိအမှတ်ပြုခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ်မှ တစ်နိုင်ငံလုံးက လေးစားအသိအမှတ်ပြုခံရသော၊ မှတ်တမ်းဝင်သော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များဖြစ်ခဲ့ကြပေပြီ။ နိုင်ငံအနှံ့ မည်သည့်ဒေသကိုသွားသွား နိုင်ငံတော်၏ တပ်မတော်သားများသာတည်း။ ကချင်နှင့် ကယားပြည်နယ်မှ ပြည်သူတို့ကသာမက နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူတို့ကလည်း နိုင်ငံတော်၏ နယ်နိမိတ်ကို စောင့်ရှောက်ပေးနေသူ မှတ်တမ်းဝင် တပ်မတော်သားတို့အဖြစ် သူတို့ကို အသိအမှတ်ပြုခဲ့ကြပေပြီ။** နယ်ခြားစောင့်တပ်ဖြစ်၍ ဂုဏ်လျော့သည်။ အခွင့်အရေးဆုံးရှုံးသည်ဟု မည်သည့်အကြောင်း တရားက မှတ်ချက်ပြုမည်နည်း။ မည်သည့် အခွင့်အရေးတို့ ဆုံးရှုံးသနည်း။ မျက်စိမှိတ် ဆိုလာလျှင်လည်း ရယ်ပွဲဖွဲ့စရာသာ ဖြစ်တော့မည်။

ဧရာဝတီ စီးဆင်းရာလမ်းတစ်လျှောက် ရေဆိုး၊ ရေနောက်တို့လည်း ပေါင်းစပ်စီးဝင် နီကြင်ကြင်ဖြစ်ခဲ့ဖူးပေမည်။ သို့သော် အချိန်တန်လျှင်မူ ရေကြည်ဖြူသန့်တို့ဘဝ ရောက်ရသည်သာတည်း။ ထို့အတူ ချင်းတွင်းသည်လည်းကောင်း၊ သံလွင်သည်လည်းကောင်း၊ စစ်တောင်းသည်လည်းကောင်း၊ လေးမြို့နှင့် ကုလားတန်တို့သည် လည်းကောင်း အခိုက်အတန့်သော ကာလတွင် ရေဆိုးတို့နှောလျက် ရေအရောင်ပျက်ခဲ့ဖူးပေမည်။ မည်သို့ပင်ရှိစေ လေငြိမ်ရေငြိမ်သောကာလ၊ အနည်ထိုင်သောကာလတွင်တော့ ကြည်လင်သောရေတို့အဖြစ် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ချင်းနင်းဝင်ရောက်ကြလျက် ပေါင်းစည်း မိတ်ဖက်ပြုကြရပေသည်။ ဤရေပြင်ကြီးကပင် အခိုးအငွေ့ပြန်လျက် မိုးရေစက်တို့ဖြစ်စေကာ အမိနိုင်ငံတော်ကြီး၏ တိုင်းရင်းသားတို့ ဒေသများကို အေးမြစိုပြည်စေဖို့ ရေတို့ကို သွန်းချမျှဝေ ပေးပြန်သည်။

အချိန်တန်ပေပြီ။ အပြီးသတ် ပေါင်းစည်းရမည့်ကာလဖြစ်ရကား နိုင်ငံနယ်ခြားဒေသ လုံခြုံမှုရအောင် ကာကွယ်ရင်း၊ နယ်ခြားစောင့်တပ် အခင်းအကျင်းဖြင့် စုရုံးစတင်အောင်ပွဲဆင်နိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါစို့ဟု တိုက်တွန်းလိုက်ချင်ပါသည်။ ॥

...ည်းငြိမ်းအေးခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် ...။ မူလက ဒေသခံအနည်းစုကသာ အသိအမှတ် ...အဖြစ်မှ တစ်နိုင်ငံလုံးက လေးစားအသိအမှတ် ...ခြားစောင့်တပ်ဖွဲ့ဝင်များ ဖြစ်ခဲ့ကြပေပြီ။ နိုင်ငံ ...ငံတော်၏ တပ်မတော်သားများသာတည်း။ ...တို့ကသာမက နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူတို့ ...ကို စောင့်ရှောက်ပေးနေသူ မှတ်တမ်းဝင် ... အသိအမှတ်ပြုခဲ့ကြပေပြီ။

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အနောက်တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Hiroshi INOMATA နှင့်အဖွဲ့ နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးညှိခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အနောက်တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အနောက်တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Hiroshi INOMATA နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နိုဝင်ဘာ ၆ရက်နှင့် ၇ရက်တို့တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် ဂျပန်-မဲခေါင်အစည်းအဝေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှားပူးတွဲစီမံကိန်းနှင့်စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီး အစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ တက်ရောက်လာသော အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံ-ရုရှား ပူးတွဲအစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲစီမံကိန်းနှင့်စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီး အစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာ-အာဆီယံရေးရာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာဆီယံနှင့် အာရှပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာဘက်ခ်တီးယားကာကီမိုဗ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံများအကြား ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ (၂၀၀၅-၂၀၁၅)အရ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

၂၀၀၉ ခုနှစ် ဇူလိုင် ၂၂ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် ဝန်ကြီးများ၏ ညွှန်ကြားချက်များအရ ယဉ်ကျေးမှု၊ စွမ်းအင်၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု၊ အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ သိပ္ပံနှင့် နည်းပညာစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေး၏ ဆက်စပ် အစည်းအဝေးများအဖြစ် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ စီးပွားရေးနှင့် စွမ်းအင်တို့တွင် ပူးပေါင်း ဆောင်ရွက်ခဲ့သည်များကို ဆွေးနွေးခဲ့ကြသည်။

ယခင် (၇)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲစီမံကိန်းနှင့် စီမံရေးရာ ကော်မတီအစည်းအဝေး များမှ တင်ပြခဲ့သော အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အောက်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပူးတွဲစီမံကိန်း (၅)ခုနှင့် အတည်ပြုပြီးဖြစ်သော ပူးတွဲစီမံကိန်း (၅)ခု ပါဝင်သည့် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေရရှိမှု နောက်ဆုံးအခြေအနေကို ဆွေးနွေးခဲ့ကြသည်။

အာဆီယံ-ရုရှား ပူးတွဲလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပေါ်တွင် ရွေးချယ်သတ်မှတ်ခြင်း၊ အတည်ပြုခြင်း၊ ဘဏ္ဍာရေးအခြေအနေများ သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြေပြဇယားတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သော အစည်းအဝေးကို မော်စကိုမြို့တွင် ၂၀၁၀ခု နှစ်ဦးပိုင်း၌ အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပရန် အစည်းအဝေးက သဘောတူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၀၉ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဖြစ်ပျက်မြင်မှ ဖြစ်ပျက်မုန်းမည်" တရားတော်(ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၉)**
- ၈း၃၀ Sports World (Planet Speed)
- ၈း၅၅ အလှစစ်ကို ဖန်းဆင်းကြသူများ
- ၉း၀၅ Activities In The City [ကလော/ အေးသာယာ စက်မှုလက်မှုသိပ္ပံ၏ အကြိမ်(၂၀) မြောက် အာစရိယပူဇော်ပွဲ]
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ခင်လေးဆွေ)
- ၁၀း၁၅ စာပေမိတ်ဆက် (သန့်အောင်သင်ပါ မိဘဆရာ) (ဒေါက်တာ-ခင်မောင်လွင်)
- ၁၀း၄၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့်လုပ်နည်း)
- ၁၀း၅၅ ဖက်ရှင်လမ်းညွှန် (2010 အိန္ဒြာကျော်ဇင် အထူး CALENDER)
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၄၀ ကုသမနွေး တီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၁း၅၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် သုခစံအိမ်(မလိခအိမ်ရာ)
- ၁၂း၂၀ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ မြတ်သောအလှူ မြင်စိုင်းနန်းဦးစေတီတော်
- ၁၂း၄၀ တေးစီးရီးမိတ်ဆက် "ဘီအိုထက်"၏ မျက်လုံးများဖွင့်
- ၁း၀၀ "ဖြစ်ပျက်မြင်မှ ဖြစ်ပျက်မုန်းမည်" တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ World of Knowledge (Darwin's Lost Voyage)
- ၃း၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄း၀၀ Activities In The City [ကလော/ အေးသာယာ စက်မှုလက်မှုသိပ္ပံ၏ အကြိမ်(၂၀) မြောက် အာစရိယပူဇော်ပွဲ]
- ၄း၂၅ အလှစစ်ကို ဖန်းဆင်းကြသူများ
- ၄း၃၅ VJ Choice
- ၅း၀၅ ပါဝင်နွဲပျော် MIKKO ကံစမ်းပွဲတော်(ပထမအကြိမ်)
- ၅း၂၅ လူဖြစ်ရှုံးပါပြီကွာ. . . (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၅း၃၀ သူတို့ပြောတဲ့ သူတို့အကြောင်း (စန္ဒရားတင်ဝင်းလှိုင်နှင့် တွေ့ဆုံခြင်း)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Fancy House Hair & Beauty Spa)
- ၆း၄၅ ဖက်ရှင်လမ်းညွှန် (2010 အိန္ဒြာကျော်ဇင် အထူး CALENDER)
- ၇း၁၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် သုခစံအိမ်(မလိခအိမ်ရာ)
- ၇း၃၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၉း၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (စန္ဒရားတင်ဝင်းလှိုင်နှင့်တွေ့ဆုံခြင်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၉)**
- ၁၀း၀၀ Science Tech Today
- ၁၀း၁၅ Box Office Movie (Harry Potter)
- ၁၀း၃၅ လှပသစ်ဆန်း အလှပြင်ခန်း (Fancy House Hair & Beauty Spa)
- ၁၁း၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၁၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၁၁း၃၀ သီးနှံစိုက်ပျိုး အထွက်တိုး "စပါးပန်းတိုင် အထွက်နှုန်း"
- ၁၁း၃၅ ကျိုးသဲမြို့မှ စည်းလုံးချည်
- ၁၁း၄၅ မြို့ပြနှင့်အညီ ခေတ်မီဈေးသစ်ဆီ
- ၁၁း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့မွန်းလွဲ ၁၂ နာရီ ၄၄ မိနစ် ၁၉ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၃၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကပ္ပလီပင်လယ်ပြင်-အိန္ဒိယနိုင်ငံတစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တောင်ကုတ်-သံတွဲ ကားလမ်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ် ဖုန်ညိုတံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်-သံတွဲကားလမ်း မိုင်တိုင်အမှတ်(၁၃/၀)ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် လမ်းတစ်လျှောက်ရှိ တံတားများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် သံတွဲမြို့နယ် အံတော်ကျေးရွာ မိုးစပါးစံကွက် စုပေါင်းရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ သံတွဲမြို့ရှိ မြို့တွင်းလမ်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် တိုင်းမှူးသည် ကျိန္တလီမြို့နယ် ဘိုကလေးကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မမြို့ဖများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အိုင်စီတီသုတ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ မဟာဂီတချိုကြည်မြ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အကြောင်း အာဖရိက၏တောတွင်း တိရစ္ဆာန်များ(အပိုင်း-၃)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ **"ရွာ"ဟာသဇာတ်လမ်းတွဲ -သူနဲ့ကျမှတိုက်တိုက်ဆိုင်ဆိုင် (သရုပ်ဆောင်-ပေါ်လေး၊ ချစ်ဖွယ်၊ မေတ္တာ)**
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မှုခင်းရဲ (အပိုင်း-၁၄)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု (ပညာရေးမဏ္ဍိုင်)
- ၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) -မရပ်မနားအိပ်မက်များ တေးရေး-စိုးလင်း (အပိုင်း-၂)
- ၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာတ်ကား
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အရူးဇော်ဦး (အပိုင်း-၅)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

စုပေါင်းသွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်မြို့ သိမ်ကြီးဈေး စီရုံ အဆောင်(၄) ပထမထပ်ရှိ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း(ပင်မ)က ဦးစီး၍ စုပေါင်းသွေးလှူဒါန်းခဲ့ရာ စတုတ္ထအကြိမ်မြောက်အထိ လှူဒါန်းခဲ့ပြီးဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ယခု ပဉ္စမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၂၈ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက် လှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူဒါန်းလိုသူများသည် ဓမ္မရောင်ခြည်(ပင်မ) ဖုန်း-၃၇၁၈၀၀၊ လိုင်းခွဲ-၃၆၄နှင့် ၀၉-၈၀၃၀၁၃၈ နှင့် ၀၉-၅၀၁၅၄၄၆တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒလမြို့နယ်၌ အောင်နိုင်သူ စာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သမ္ဘာန်ချောင်းကျေးရွာအုပ်စု သမ္ဘာန်ချောင်းကျေးရွာ အောင်နိုင်သူ စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးသောင်း၊ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးအောင်ထွေးချစ်နှင့် သမ္ဘာန်ချောင်းကျေးရွာ ဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ချီးမြှင့်

ထို့နောက် ဒလမြို့နယ်မှ ဦးသန်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က စာအုပ်၊စာစောင်များ လှူဒါန်းကြပြီး တာဝန်ရှိသူများက အလှူရှင်များကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးနေဝင်းအား ဂုဏ်ပြုလွှာချီးမြှင့်သည်။

(မြို့နယ်ပြန်/ဆက်)

စစ်မှုထမ်းဟောင်း(ဗဟို)မှ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုမှ ထောက်ပံ့သော သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ အရန်အဖွဲ့ဝင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင် (ငြိမ်း)က ဂုဏ်ပြုအမှာစကားပြောကြားပြီး စုစုပေါင်း ထောက်ပံ့ငွေကျပ် ငါးသိန်းသုံးသောင်းတို့ကို မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ် စည်းရုံးရေးကော်မတီမှ ထောက်ပံ့လှူဒါန်းငွေတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင်(ငြိမ်း)နှင့် အလုပ်အမှုဆောင်များက ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ထံ ထောက်ပံ့လှူဒါန်းခဲ့ကြသည်ဟု သိရှိရသည်။**(ယာပုံ)** (၅၀၆)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယ ညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ပြည်မြို့ နဝင်းကွက်သစ် (ဘီ)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား နိုဝင်ဘာ ၁၀ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရှင်းလင်းတင်ပြ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပေါင်းတည်မြို့နှင့် ကြွယ်လုလင်ကျေးရွာအား ဆက်သွယ်သော ဗျက်ကြီး-ကြွယ်လုလင်လမ်း မြေနီခင်းခြင်းဆောင်ရွက်နေမှုအား နိုဝင်ဘာ ၈ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြေယာရှုခင်းအလှ

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြေယာရှုခင်းအလှဆောင်ရွက်နေမှုအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၆

ကောလင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ ရက်က ကောလင်းမြို့အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ ကောလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး တင်ဝင်းသိမ်းတို့က မော်တော်ယာဉ်၊ ဆိုင်ကယ်များ အန္တရာယ်ဖြစ်ပွားမှု လျော့နည်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောကြောင်း သိရသည်။

(၂၁၄)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

သစ်ပင်စိုက်ပါ ဒီ့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စတင်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့တွင် သတ်မှတ်ထားသည့် ဇုန်များ၌ ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

STAR SPORTS ရုပ်သံလိုင်းတွင် ပြသမည့် ဂန္ထဝင်လက်ဝှေ့ပွဲဖြစ်သည့် မိုဟာမက်အလီ လက်ဝှေ့ပွဲ မျက်နှာဖုံးနှင့် TV Guide အတွဲ (၁)၊ အမှတ်(၂၁)ကို နိုဝင်ဘာ ၂၇ ရက် (သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide တွင် Asian Music Awards ဆုပေးပွဲအကြောင်း၊ Messrs တွင် ပြသနေသည့် Los Premios MTV 2009 (လက်တင်အမေရိက MTV ဂီတဆု) ဆုပေးပွဲအကြောင်း၊ Cartoon Network ရုပ်သံလိုင်းတွင် ပြသမည့် Ben 10 ဇာတ်လမ်းတွင် လူသားအစစ်နှင့် ရိုက်ကူးထားသည့် Ben 10 Alien Swarm ရုပ်ရှင်အကြောင်း၊ STAR SPORTS ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် မန်စီးတီးနှင့် ဟားလ်စီးတီး၊ ဝုဗ်နှင့် ဘာမင်ဂမ်စီးတီးပွဲစဉ်အကြောင်း၊ ESPN ရုပ်သံလိုင်းတွင် ပြသမည့် အာဆင်နယ်-ချယ်လ်ဆီး၊ အဲဗာတန်-လီဗာပူး၊ ပို့စ်မောက်-မန်ယူ၊ အက်စတွန်ဗီလာ-တော့တင်ဟမ်ဟော့စပါးတို့ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် ဆင်အုပ်ကြီးကို ဦးစီးနေသည့် ဆင်မကြီးအကြောင်း၊ Travel & Living ရုပ်သံလိုင်းတွင် ပြသမည့် Summer Weddings အကြောင်း၊ MRTV-4 တွင် ပြသမည့် ဖြိုးငွေစိုး၊ ဟန်ဇာမိုးဝင်း၊ မျိုးစန္ဒီကျော်၊ ဖူးစုံတို့ အားစမ်းထားသည့် စကားနပန်း အထူးအစီအစဉ်၊ Sunday Special အကြောင်း၊ ဂျေမောင်မောင်၊ ချစ်သုဝေ၊ ကောင်းကောင်း၊ မီးနိုတို့ပါဝင်သည့် FMF အကြောင်း၊ အီမိုဖက်ရှင်အကြောင်း တင်ဆက်ထားရာ ဖြူဖြူကျော်သိန်း၊ ဖွေးဖွေးတို့၏ အီမိုဒီဇိုင်းများအား တွေ့မြင်ရမည့် ဖက်ရှင်လမ်းညွှန်အကြောင်းများနှင့် ပါဝင်နေကျကဏ္ဍများ၊ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Nobel Light Express (Tel; 391186, 243893) ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အထက ဟောင်တော်သီ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (စနေနေ့)တွင် အထကဖောင်တော်သီ အေးမြသီတာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီး ၄၄ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်သည်။ ကျောင်းတော်ကြီး၌ ပညာရည်နို့ သောက်စို့ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ပူဇော်တွေ့ဆုံကြပါရန်နှင့် အလှူငွေများကို နေပြည်တော်၌ ဒေါ်ခင်စောဝင်း ဖုန်း-၀၆၇-၄၁၄၆၁၂၊ ရန်ကုန်မြို့၌ ဦးခင်ကျော် ဖုန်း- ၀၉-၅၀၀၄၂၈၄၊ ဦးသိန်းကြည် ဖုန်း-၀၉-၅၀၀၆၅၀၇၊ ဦးရဲဝင်း ဖုန်း-၀၉-၅၁၀၆၂၃၀၊ ဦးကြည်အောင် ဖုန်း-၅၉၃၄၆၉၊ ဦးရင်နွတ် ဖုန်း-၀၉-၅၀၇၃၃၄၁၊ မန္တလေးမြို့၌ ဒေါ်ခင်မူ ဖုန်း-၀၉-၅၁၄၂၈၅၁၊ တောင်ကြီးမြို့၌ ဦးသိန်းဝင်း ဖုန်း-၀၉-၅၂၁၁၈၀၆၊ ရေတာရှည်မြို့၌ ဦးမောင်မြင့် ဖုန်း-၀၅၄-၂၇၄၆၆နှင့် တောင်ငူမြို့၌ ဦးသန်းဦး ဖုန်း-၀၅၄-၂၄၆၁၆ တို့သို့ ပေးအပ်လှူဒါန်းနိုင်ကြောင်းနှင့် ရန်ကုန်မြို့မှ ကားဖြင့်လိုက်ပါလိုသူများ တစ်ပတ်ကြိုတင်စာရင်းပေးကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အများအားဖြင့် သာယာမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် အမ်းမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၇ ရက် ညနေထိ ခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်	(၉၀ ဒီဂရီဖာရင်ဟိုက်)	၂၅-၁၁-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၁၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်	(၆၀ ဒီဂရီဖာရင်ဟိုက်)	၂၆-၁၁-၂၀၀၉
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၆ ရာခိုင်နှုန်း	၂၆-၁၁-၂၀၀၉
နေပူသည့်နာရီပေါင်း	၈ ဒသမ ၁ နာရီခန့်	၂၅-၁၁-၂၀၀၉

ဇော်လင်းထွန်း-၂၏ နောက်ကျအနိုင်ဂိုးဖြင့် ဇေယျာရွှေမြေ သုံးပွဲဆက် အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၂၆

MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေ F.C နှင့် ဥဿာယူနိုက်တက် F.C တို့ နိုင်ပွဲများ ရရှိသွားသည်။

ဇေယျာရွှေမြေ F.C မှ နိုင်စိုးဝေ၏ ထိုးဖောက်မှုကို ရန်ကုန် F.C နောက်တန်း ဟန့်တားစဉ်။

(စလင်းကွင်း)

ဇေယျာရွှေမြေ F.C - တစ်ဂိုး

(ဇော်လင်းထွန်း-၂)

ရန်ကုန်ယူနိုက်တက် F.C - ဂိုးမရှိ

ယမန်နေ့က ကစားခဲ့သောပွဲတွင် မကွေး F.C အနိုင်ရရှိသွား၍ ဇေယျာရွှေမြေ F.C မှာ ယနေ့ပွဲ အနိုင်ရရန် အားထည့်ကစားသွားခဲ့သည်။ ခံစစ်ကစားသမားများ ဒဏ်ရာပြဿနာဖြင့် ကြုံတွေ့နေ၍ အသင်းကြီးမှ အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂ ပါဝင်ကစားခဲ့၍ ဇေယျာရွှေမြေ F.C နောက်တန်း ပိုကောင်းခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် ကန်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက် F.C မှာ ကစားပုံကောင်းခဲ့ပြီး ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အပြီးသတ် ဂိုးသွင်းအားနည်းခဲ့၍ နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့ရခြင်း ဖြစ်သည်။

နိုင်ဦးလွင်၊ ကြည်လင်း၊ မောင်မောင်မြင့်နှင့် မြတ်ထူးနိုင်တို့ ပါဝင်လာသည့် ရန်ကုန်ယူနိုက်တက် F.C မှာ ပွဲစကတည်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်နိုင်ခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် ဇေယျာရွှေမြေ F.C ကစားပုံ ကောင်းလာ၍ ပွဲမှာ အပြန်အလှန်ရှိလာသည်။ ဇော်လင်းထွန်း-၂ ဦးဆောင်သည့် ဇေယျာရွှေမြေ F.C နောက်တန်းနှင့် အောင်သိုက်ဦးဆောင်သည့် ရန်ကုန် F.C ခံစစ်တို့ အမှားနည်း၍ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင်လည်း ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် F.C မှ နိုင်ဦးလွင်နှင့် မြတ်ထူးနိုင်၊ ဇေယျာရွှေမြေ F.C မှ ကျော်ဇင်ဝင်းနှင့် ဝင်းကိုကိုတို့ အပိုင်ဂိုးသွင်းခွင့်များကို အသုံးမချနိုင်ခဲ့ပေ။ ဇေယျာရွှေမြေ F.C အတွက် အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် ဇော်လင်းထွန်း-၂ က ပြစ်ဒဏ်ဘောမှတစ်ဆင့် ကန်သွင်းခဲ့ခြင်း ဖြစ်သည်။

(ပဒုမ္မာကွင်း)

ဥဿာယူနိုက်တက် F.C - တစ်ဂိုး

(နိုင်နိုင်လင်း)

ကမ္ဘောဇ F.C - ဂိုးမရှိ

အကောင်းဆုံးဆုရ - ကျော်သက်ဦး

(ဥဿာယူနိုက်တက် F.C)

ကမ္ဘောဇ F.C မှာ နိုင်ပွဲစတင်ရရှိရေးအတွက် စိုးမြတ်မင်း၊ သက်နိုင်ဝင်း၊ နေဇော်ထက်တို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် လေးပွဲဆက် နိုင်ပွဲပျောက်ခဲ့ရသည်။ ဥဿာယူနိုက်တက် F.C မှာ နိုင်နိုင်လင်း၏ ဂိုးဖြင့် ဒုတိယမြောက် နိုင်ပွဲရရှိခဲ့သည်။

(၂၈-၁၁-၂၀၀၉)

(ပဒုမ္မာကွင်း)

မကွေး F.C-ရတနာပုံ F.C

(စလင်းကွင်း)

Delta United F.C-ဥဿာယူနိုက်တက် F.C

သတင်းနှင့် ဓာတ်ပုံ
စိုးညွန့်(ကြေးမုံ)
အဆင်အပြင် - တင်ထွန်းတာ

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ ပွဲစဉ်များပြီးဆုံး ဘော်ဒိုးနှင့် ချယ်လ်ဆီးတို့ အုပ်စုပိုလ်ဖြင့် နောက်တစ်ဆင့်တက်

လန်ဒန် နိုဝင်ဘာ ၂၆

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ချယ်လ်ဆီးနှင့် ရီးယဲလ်မက်ဒရစ်တို့ နိုင်ပွဲရခဲ့သော်လည်း မန်ယူမှာ အိမ်ကွင်း၌ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အုပ်စု(က)တွင် ပြင်သစ်ကလပ် ဘော်ဒိုးက အသင်းကြီးဂျူဗင်တပ်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က မက္ကာဘီဟိုင်ဖာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဤအုပ်စုတွင် ဘော်ဒိုးက အုပ်စုပိုလ်ဖြင့် နောက်တစ်ဆင့် တက်သွားပြီဖြစ်ပြီး ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်တို့ ကစားရမည့် နောက်ဆုံးပွဲစဉ်တွင် အနိုင်ရသည့်အသင်းက အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ်သည်။

အုပ်စု(ခ)တွင် CSKA မော်စကိုက ဝုဖ်ဘတ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘက်ဆစ်တပ်က မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူမှာ ယခုပွဲ ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုကို ဆက်လက်ဦးဆောင်လျက်ရှိနေဆဲဖြစ်သည်။

အုပ်စု(ဂ)တွင် ရီးယဲလ်မက်ဒရစ်က ဇူးရစ်ကို တစ်ဂိုးတည်းဖြင့် ကပ်နိုင်ခဲ့ကာ အေစီမီလန်နှင့် မာဆေးလ်တို့ပွဲမှာ တစ်ဂိုးစီ သရေကျသွားသည်။ အေစီမီလန် ယခုပွဲ သရေကျခဲ့ခြင်းကြောင့် ဇူးရစ်နှင့် ကစားရမည့် လက်ကျန်ပွဲကို မဖြစ်မနေ အနိုင်ကစားရတော့မည် ဖြစ်သည်။

အုပ်စု(ဃ)တွင် ချယ်လ်ဆီးက အိမ်ရှင် ပေါ်တိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုပိုလ်ဖြင့် နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။ နီကိုးရှားနှင့် အက်သလက်တီကိုတို့ပွဲမှာမူ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်ခဲ့ရသည်။

ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းနှင့် ဒီဇင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတို့တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အုပ်စုပွဲစဉ်(၅)အပြီးရပ်တည်မှု

အုပ်စု(က)

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘော်ဒိုး	၅	၄	၁	၀	၁၃
၂	ဂျူဗင်တပ်စ်	၅	၂	၂	၁	၈
၃	ဘိုင်ယန်မြူးနစ်	၅	၂	၁	၂	၇
၄	မက္ကာဘီဟိုင်ဖာ	၅	၀	၀	၅	၀

အုပ်စု(ဂ)

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ရီးယဲလ်မက်ဒရစ်	၅	၃	၁	၁	၁၀
၂	အေစီမီလန်	၅	၂	၂	၁	၈
၃	မာဆေးလ်	၅	၂	၁	၂	၇
၄	ဇူးရစ်	၅	၁	၀	၄	၃

အုပ်စု(ခ)

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၅	၃	၁	၁	၁၀
၂	ဝုဖ်ဘတ်	၅	၂	၁	၂	၇
၃	CSKAမော်စကို	၅	၂	၁	၂	၇
၄	ဘက်ဆစ်တပ်	၅	၁	၁	၃	၄

အုပ်စု(ဃ)

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၅	၄	၁	၀	၁၃
၂	ပေါ်တို	၅	၃	၀	၂	၉
၃	အက်သလက်တီကို	၅	၀	၃	၂	၃
၄	နီကိုးရှား	၅	၀	၂	၃	၂

မန်ယူဘက်သို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် ဘက် ဆစ် တပ် ကစားသမားများ။

ဝင်းတင်(ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် ၂၀၀၆ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန်လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့် ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်(ပထမပိုင်း)

၅-၁၂-၂၀၀၉ ရက်၊ (ပထမနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး   မကွေး၊ ရတနာပုံ   ၄-၁၂-၂၀၀၉ ရက်နံနက်(၁၀)နာရီ
ကလေး၊လှိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ရွှေဘို၊ မြင်းခြံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   တောင်ကြီး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂မှ၃၁)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၃မှ၂၄၁)   ရတနာပုံ

၅-၁၂-၂၀၀၉ ရက်၊ (ပထမနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး   တောင်ကြီး၊ မုံရွာ ၄-၁၂-၂၀၀၉ ရက် နံနက် ၁၀နာရီ
မြစ်ကြီးနား၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ဗန်းမော်၊ ရေနံချောင်း၊ မိုးညှင်း
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၂မှ၁၆၅)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၄မှ၁၉၀)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၃၂မှ၂၉၃)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂၄၂မှ၅၂၃)   ရတနာပုံ

၆-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၃။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး   ရတနာပုံ၊ ပခုက္ကူ၊ ကလေး ၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၁၈၃မှ၅၆၆)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၁၉၂မှ၃၅၄)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၂၉၅မှ၄၄၈)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၅၂၅မှ၇၉၇)   ရတနာပုံ

၆-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၄။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး   မကွေး၊ မိတ္ထီလာ၊ ၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
လှိုင်ကော်၊ လားရှိုး၊ ရွှေဘို၊ မြင်းခြံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၅၈၂မှ ၉၀၁)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၃၅၇မှ၆၉၂)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၄၉မှ၆၀၁)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၉၈မှ၁၀၇၉)   ရတနာပုံ

၇-၁၂-၂၀၀၉ ရက်(တတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၅။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး   တောင်ကြီး၊ မုံရွာ   ၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
မြစ်ကြီးနား၊ ကျောက်ဆည်၊ကျိုင်းတုံ၊ ဗန်းမော်၊ ရေနံချောင်း၊ မိုးညှင်း
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၉၀၅မှ၁၂၁၇)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၆၉၆မှ၁၂၃၉)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   ကျောက်ဆည်၊ ပင်လုံ၊ ဗန်းမော်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၆၀၃မှ၇၅၇)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၀၈၀မှ၁၄၅၄)   ရတနာပုံ

၇-၁၂-၂၀၀၉ ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၆။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး   တောင်ကြီး၊ မကွေး၊ ပခုက္ကူ၊ မြင်းခြံ ၄-၁၂-၂၀၀၉ ရက် နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု(၁မှ၂၁၇)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   ပခုက္ကူ၊ လားရှိုး၊ ကျိုင်းတုံ၊
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၇၅၈မှ၉၁၀)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၄၅၅မှ၁၇၇၅)   ရတနာပုံ

၁၀-၁၂-၂၀၀၉ ရက် (ပထမနေ့)နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၇။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု(၁မှ၁၁၉)   မုံရွာ ၉-၁၂-၂၀၀၉ ရက် နံနက်(၁၀)နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု(၂၁၈မှ၆၁၀)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   ကလေး၊ လှိုင်ကော်၊ ရေနံချောင်း၊ မိုးညှင်း
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၉၁၃မှ၁၀၆၈)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု(၁၇၇၈မှ၂၁၂၉)   ရတနာပုံ

၁၀-၁၂-၂၀၀၉ ရက်၊ (ပထမနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၈။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၂၁မှ ၂၂၂)   မုံရွာ ၉-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး   မိတ္ထီလာ၊ လားရှိုး၊ မိုးညှင်း
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး   မကွေး၊ မြင်းခြံ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၁ မှ ၁၁၅)   ရွှေဘို
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၀၇၀ မှ ၁၂၄၃)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၁၃၁ မှ ၂၄၇၄)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ အရှေ့တိုင်းပညာအထူးပြုအားလုံး   တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ကျောက်ဆည်

၁၁-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၉။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၁၁၇ မှ ၄၈၄)   ရွှေဘို ၉-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ မြန်မာမှုအထူးပြုအားလုံး   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ ရသစာပေအထူးပြုအားလုံး   မုံရွာ၊ ရတနာပုံ၊ ပခုက္ကူ၊ ကျောက်ဆည်၊ လှိုင်ကော်၊
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး   မြစ်ကြီးနား၊ ကျောက်ဆည်၊ ကလေး၊ လှိုင်ကော်၊ ကျိုင်းတုံ၊ ရွှေဘို၊ ရေနံချောင်း
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး   ရတနာပုံ၊ ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၂၄၄ မှ ၁၄၂၂)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၄၇၆ မှ ၂၉၃၇)   ရတနာပုံ

၁၁-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၀။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး   တောင်ကြီး၊ မကွေး ၉-၁၂-၂၀၀၉ ရက် နံနက် ၁၀နာရီ
မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လှိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ရွှေဘို၊ ရေနံချောင်း၊ မြင်းခြံ၊
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး   မြစ်ကြီးနား၊ မိတ္ထီလာ၊ ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၄၂၅ မှ ၁၅၈၄)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၉၄၁ မှ ၃၅၃၅)   ရတနာပုံ

၁၂-၁၂-၂၀၀၉ ရက် (တတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၁။ သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြုအားလုံး   တောင်ကြီး၊ မကွေး ၉-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လားရှိုး၊ ကျိုင်းတုံ၊ ရွှေဘို၊ ရေနံချောင်း
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး   တောင်ကြီး၊ မကွေး၊ မုံရွာ၊ ပင်လုံ၊ ကလေး၊ လှိုင်ကော်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၅၈၉ မှ ၁၉၁၆)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၈၅)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   ကျိုင်းတုံ၊ မိုးညှင်း

၁၂-၁၂-၂၀၀၉ ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၂။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၁၇၁)   မုံရွာ ၉-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂ မှ ၂၈၁)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၉၁၇ မှ ၂၁၈၀)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၈၆ မှ ၂၄၅)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၁၄၂)   ရွှေဘို
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   မြင်းခြံ၊ မိုးညှင်း

၁၅-၁၂-၂၀၀၉ ရက်(ပထမနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၃။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁၇၃ မှ ၅၁၂)   မုံရွာ ၁၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂၈၂ မှ ၅၆၈)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု အားလုံး   မကွေး၊ ပင်လုံ၊ လှိုင်ကော်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၅၀ မှ ၄၀၆)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   ကျိုင်းတုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၃ မှ ၃၀၉)   ရွှေဘို

၁၅-၁၂-၂၀၀၉ ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၄။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၅၁၈ မှ ၇၂၅)   မုံရွာ ၁၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၅၆၉ မှ ၈၅၃)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြုအားလုံး   တောင်ကြီး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၁၀၉)   ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၁၂၇)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၁၀ မှ ၄၃၁)   ရွှေဘို
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   ရေနံချောင်း

၁၇-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၅။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၂၇၃)   တောင်ကြီး ၁၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၈၅၆ မှ ၁၁၀၈)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြုအားလုံး   မိတ္ထီလာ၊ ကလေး
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၁၃ မှ ၁၉၉)   ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂ မှ ၁၉၄)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၂၈ မှ ၂၇၆)   မြစ်ကြီးနား

၁၇-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၆။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂၇၄ မှ ၆၅၀)   တောင်ကြီး ၁၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၇၃၀ မှ ၉၈၆)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၃၂၂)   ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၀၀ မှ ၃၁၅)   ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   တောင်ကြီး၊ ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၉၆ မှ ၄၁၀)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၇၈ မှ ၃၉၀)   မြစ်ကြီးနား

၁၈-၁၂-၂၀၀၉ ရက် (တတိယနေ့)နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၇။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၉၉၀ မှ ၁၀၉၆)   မုံရွာ ၁၄-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၄၁၅)   ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၂၃ မှ ၄၂၇)   ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး   ရတနာပုံ၊ ကျောက်ဆည်၊ ကလေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃ မှ ၄၁၅)   မကွေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၁၄ မှ ၇၀၆)   မုံရွာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   ကျောက်ဆည်၊ ပင်လုံ၊ ကလေး

၁၈-၁၂-၂၀၀၉ ရက်(တတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၈။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၄၁၈ မှ ၅၇၀)   ကျောက်ဆည် ၁၄-၁၂-၂၀၀၉ ရက်နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၁၇၀)   ရွှေဘို
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး   မုံရွာ၊ မြစ်ကြီးနား၊ မိတ္ထီလာ၊ ပင်လုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၂၃ မှ ၁၀၄၅)   မကွေး
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆ မှ ၉၆၅)   ရတနာပုံ

၂၁-၁၂-၂၀၀၉ ရက် (ပထမနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၁၉။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   မိတ္ထီလာ၊ ပင်လုံ၊ ကလေး ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁၇၁ မှ ၂၇၅)   ရွှေဘို
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး   တောင်ကြီး၊ မကွေး၊ ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ ပြည်သူ့ရေးရာအထူးပြုအားလုံး   မုံရွာ၊ ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ အိမ်တွင်းစီးပွားအထူးပြုအားလုံး   တောင်ကြီး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု(၂ မှ ၁၇၁)   လားရှိုး
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၇ မှ ၁၁၄)   မုံရွာ
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြုအားလုံး   ကျောက်ဆည်
ဝိဇ္ဇာဘွဲ့၊ ဒဿနိကဗေဒအထူးပြုအားလုံး   မကွေး၊ မြစ်ကြီးနား၊ ပခုက္ကူ၊ ကျောက်ဆည်

၂၁-၁၂-၂၀၀၉ ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂၀။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   ဗန်းမော် ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂၇၆ မှ ၄၁၃)   ရွှေဘို
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၁၁၅ မှ ၂၅၉)   မုံရွာ
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၃ မှ ၁၅၂)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   မိတ္ထီလာ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂ မှ ၁၁၇)   လှိုင်ကော်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၇၂ မှ ၂၃၀)   လားရှိုး

၂၂-၁၂-၂၀၀၉ ရက် (ဒုတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂၁။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂ မှ ၂၂၂)   မြစ်ကြီးနား ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၄၁၅ မှ ၅၀၆)   ရွှေဘို
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၂၆၀ မှ ၃၈၈)   မုံရွာ
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၁၅၃ မှ ၃၁၄)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၉၇၀ မှ ၁၇၇၉)   ရတနာပုံ
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၁၈ မှ ၁၅၀)   လှိုင်ကော်
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး   ဗန်းမော်

၂၂-၁၂-၂၀၀၉ ရက် (ဒုတိယနေ့)မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂၂။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၄၆၉)   ပခုက္ကူ ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   လှိုင်ကော်
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြုအားလုံး   မကွေး
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု(၃၉၀ မှ ၆၃၈)   မုံရွာ
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၃၁၆ မှ ၄၀၈)   မြစ်ကြီးနား
ဝိဇ္ဇာဘွဲ့၊ ဒဿနိကဗေဒအထူးပြုအားလုံး   တောင်ကြီး၊ မုံရွာ၊ ရတနာပုံ၊ မိတ္ထီလာ၊ ပင်လုံ၊ ကလေး၊ လှိုင်ကော်

၂၃-၁၂-၂၀၀၉ ရက် (တတိယနေ့) နံနက် ၉း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂၃။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁ မှ ၁၁၅)   လားရှိုး ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   ရေနံချောင်း
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြု (၆၃၉ မှ ၉၄၈)   မုံရွာ
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြုအားလုံး   မိတ္ထီလာ၊ ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ စိတ်ပညာအထူးပြုအားလုံး   တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လှိုင်ကော်၊

၂၃-၁၂-၂၀၀၉ ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀ နာရီ   အစမ်းလေ့ကျင့်ရက်
၂၄။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး   မကွေး၊ မြင်းခြံ ၂၀-၁၂-၂၀၀၉ ရက် နံနက် ၁၀ နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု(၄၇၀ မှ ၅၇၃)   ပခုက္ကူ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁၁၇ မှ ၂၅၀)   လားရှိုး
ဥပဒေဘွဲ့၊ ဥပဒေပညာအထူးပြုအားလုံး   တောင်ကြီး၊ ရတနာပုံ

၅။ ဘွဲ့တက်ရောက်ယူမည့် လက်မှတ်၊ ဧည့်လက်မှတ်များကို မိမိတို့နှင့် သက်ဆိုင်သည့် ဘွဲ့တက်ရောက်ယူမည့် နေ့ရက်မတိုင်မီ ကြိုတင် ထုတ်ပေးပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းမည့်အစီအစဉ်

၆။ ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို မိမိနှင့်သက်ဆိုင်သည့် အစမ်းလေ့ကျင့်မည့် နေ့ရက်နှင့် ဘွဲ့တက်ရောက်ယူမည့် နေ့ရက်မတိုင်မီ ကြိုတင်၍ မန္တလေးအဝေးသင်တက္ကသိုလ် ထုတ်လုပ်ရေးဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့ဝတ်ရုံငှားရမ်းဌာနတွင် ငွေသွင်းပြေစာပြ၍ ဘွဲ့နှင်းဌာန ထောက်ခံစာဖြင့် ငှားရမ်းနိုင်ပါသည်။

(ရွှေလတ်ဇင်)
လက်ထောက်မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်

ရက်စွဲ၊ ၂၀၀၉ ခု၊ နိုဝင်ဘာလ(၁၈)ရက်

စေတနာပညာအလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ စေတနာ ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်အလှူရှင် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် ဒေးဗရိန်း ကျေးရွာဥက္ကဋ္ဌ ဦးသန့်ဇင်တို့က စာကြည့်တိုက်အဆောက်အအုံ သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အလှူရှင်နှင့် သထုံမြို့နယ်ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်တို့က အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၂ဒသမ၅ပေ၊ အနံ ၁၅ပေ၊ အမြင့် ၁၁ပေ၊ သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၉၇သိန်း ဖြစ်သည်။

ထို့နောက် သထုံခရိုင်အတွင်းရှိ စာကြည့်တိုက် သုံးတိုက်အတွက် နိုင်ငံတော်မှ ထောက်ပံ့သော ငွေများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ သထုံမြို့နယ်ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးနှင့် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်တို့က ပေးအပ်ရာသက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌများနှင့် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဝင်များက လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမည်ပြောင်း

အဖ ဦးဆာကိုဘလ်၏သား ဦးကျော်မြင့် [၁၂/လမန(နိုင်)၀၅၅၀၇၃] အား U Mang Hlei Ling ဟုလည်းကောင်း၊ အဖ Mang Hlei Ling ၏သမီး မအေးဇာနည်ကျော် [၁၂/လမန(နိုင်)၀၃၃၄၉၉]အား Ma Hmet Sung ဟုလည်းကောင်း၊အဖ Mang Hlei Ling၏သား မောင်ကျော်လင်းနိုင် [၁၂/လမန(နိုင်)၀၃၅၇၄၀]အား Mg. Steven Thang ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

U Mang Hlei Ling
Ma Hmet Sung
Mg. Steven Thang

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မိုးကျော် ပတ်စပို့စာအုပ်-၈၉၈၂၄၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၇၂၇၆၅၆**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ စက်မှုမြေကွက်အမှတ်-၂၆၅၊ မြေဧရိယာ (၀.၁၆၅)ဧက၊ဒေါ်စန်းစန်းချိုအမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးရန်အမည်ပေါက်ဒေါ်စန်းစန်းချို နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၁၂/ဒပန(နိုင်)၀၃၉၉၆၇] ကိုင်ဆောင်သူမှလျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါဝင်သည့်နေ့မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်မူရင်းအား ပယ်ဖျက်၍ မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
☆ နားမယောင်လေနဲ့ သတိထား။

မော်လမြိုင်ဘူတာသစ်ကြီးကို အခြေပြု၍ အစုန်၊ အဆန်ရထားများ ပြေးဆွဲပေး ခရီးလမ်းလုံခြုံချောမွေ့၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့

သတင်းမှတ်စု - နီလာဝင်း(ရွှေသွေးကြီး)
ဓာတ်ပုံမှတ်တမ်း - ကြေးမုံ
အဆင်အပြင် ကိုမင်း

မော်လမြိုင်ဘူတာကို ဗဟိုပြု၍ အစုန်၊ အဆန်ရထားများဖြင့် ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလျက်ရှိသည်။

မြန်မာ့မီးရထားမှ မော်လမြိုင်ဘူတာသစ်ကြီးကို စတင်ဖွင့်လှစ်ပေးလိုက်ပြီးနောက် မော်လမြိုင်ဘူတာသစ်ကြီးကို ဗဟိုပြု၍ ခရီးတိုရထားများ၊ လူစီးကုန်တင်လော်ကယ်ရထားများ၊ စာပို့ရထားများ၊ အမြန်ရထားများ၊ အထူးအမြန်ရထားများကို နေ့စဉ်ပြေးဆွဲပေးနိုင်မှုကြောင့် မော်လမြိုင်မြို့နေ ပြည်သူများ၊ ကူးသန်းရောင်းဝယ်သူများ၊ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားပြည်သူများမှာ သွားလာမှုအဆင်ပြေခြင်း၊ ကားလမ်းခရီးထက် စရိတ်များစွာ သက်သာခြင်း၊ ခရီးလမ်း လုံခြုံချောမွေ့ခြင်း၊ စရိတ်ကုန်ကျမှုနည်းပါးခြင်း စသည်တို့ကြောင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ပေးလျက်ရှိ

မော်လမြိုင်ကို ဗဟိုပြု၍ ရထားများ သွားလာပို့ဆောင်ရာတွင် မော်လမြိုင်မြို့ တောင်ဘက်ရှိ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်း ရေး-ထားဝယ်သို့ ရန်ကုန်-မော်လမြိုင်-ထားဝယ် အစုန်၊ အဆန် လူစီး အမြန်ရထားကို လည်းကောင်း၊ မော်လမြိုင်-ရေး အစုန်၊ အဆန် လူစီး အမြန်ရထားကို လည်းကောင်း၊ လူစီးကုန်တင်လော်ကယ်ရထားဖြစ်သော မော်လမြိုင်-ရေး လော်ကယ်ရထားကို လည်းကောင်း၊ မွန်ပြည်နယ် တောင်ဘက်ခြမ်းနှင့် တနင်္သာရီတိုင်းဘက်ခြမ်းသို့ နေ့စဉ် အစုန်၊ အဆန် ရထားခြောက်စင်းဖြင့် သွားလာပို့ဆောင်ပေးလျက်ရှိသည်။

မော်လမြိုင်ဘူတာမှ နေပြည်တော်-ပဲခူး-ရန်ကုန် စသည့် မြန်မာနိုင်ငံ၏ အဓိကကျသည့် မြို့ကြီးများဘက်သို့ သွားလာမှုပြုကြရာတွင် မော်လမြိုင်-နေပြည်တော်၊ နေပြည်တော်-မော်လမြိုင်ရထားဖြစ်သည့် အမှတ်(၁၇/၁၈) အစုန်၊ အဆန် အထူးအမြန်ရထားကို လည်းကောင်း၊ မော်လမြိုင်-ရန်ကုန် အမှတ်(၃၅/၃၆) **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✳

(27-11)20.pmd 1 11/27/2009, 2:16 AM